# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဗြာဟ္မဏ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ်(၃၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၈၅ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| ( ၁ ) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| ( ၃ ) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |
| ( ၄ ) | ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |
| ( ၅ ) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| ( ၆ ) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| ( ၇ ) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး | အဖွဲ့ဝင် |
| ( ၈ ) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် |
| ( ၉ ) | ဒုတိယဗိုလ်ချုပ်ကြီး ညိုစော | အဖွဲ့ဝင် |


စာမျက်နှာ ၃ ကော်လံ ၁ ❖




## သထုံမြို့နယ်၌ ရေကြီးနစ်မြုပ်ပြီးပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများ အမြန်ဆုံးစိုက်ပျိုးပြီးစီးရေး ကောက်စိုက်စက်များဖြင့် အခမဲ့ကူညီစိုက်ပျိုးပေး

**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ကွင်းတွင် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများ အမြန်ဆုံးပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးရေးအတွက် အဆိုပါကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်ယာမြေ၌ ယနေ့ နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် အခမဲ့ကူညီစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ကူညီစိုက်ပျိုးပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းအမှတ်(၅၄၃) တောင်သူတစ်ဦး၏ လယ်ယာမြေခုနစ်ကေ၌ ၁၈ ရက်သားရွှေသွယ်ရင် မျိုးစပါးလေးတင်းခွဲရှိ ပျိုးဗန်းအချပ်ရေ ၇၀၀ ကို ကောက်စိုက်စက်ဖြင့် အခမဲ့ကူညီစိုက်ပျိုးပေးခဲ့ကြသည်။


စာမျက်နှာ ၅ ကော်လံ ၁ ❒


**ယနေ့ မာတိကာ**

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး (ပထမဆု)** ဆောင်းပါး စာ ၁၀



**အင္ဂုံစွယ်တော်တိုက်စေတီနှင့် မြန်မာမီဒီယာအဖွဲ့** ဆောင်းပါး စာ ၁၆



**၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်** ပြည်တွင်းသတင်း စာ ၁၇

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များအနက် ကုန်ထုတ်လုပ်မှုကဏ္ဍကို နိုင်ငံတော်က ဦးစားပေးမြှင့်တင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရှိနေသော MSMEs ကုန်ထုတ်လုပ်ငန်းများကို လေ့လာရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ လွန်စွာအားနည်းလျက်ရှိသည်ကို တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် လုပ်ငန်းခွင်၌ဖြစ်သည့် မတော်တဆမှုများ၊ လုပ်ငန်းခွင်မှရရှိသည့် ရောဂါများကြောင့် အမျိုးသမီး၊ အမျိုးသားအလုပ်သမားပေါင်း သုံးသန်းခန့် နှစ်စဉ်သေဆုံးနေကြရသည်ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့က ခန့်မှန်းထားသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်များဆိုသည်မှာ စက်ယန္တရားများကြောင့်ဖြစ်သော ဘေးအန္တရာယ်များ (Mechanical Hazards)၊ ဓာတုပစ္စည်းများကြောင့်ဖြစ်သော ဘေးအန္တရာယ်များ(Chemical Hazards)၊ လျှပ်စစ်ကြောင့်ဖြစ်သော ဘေးအန္တရာယ်များ(Electrical Hazards)၊ ဇီဝဘေးအန္တရာယ်များ(Biohazards)၊ စူးရှသည့်အလင်းရောင်များ၊ ဆူညံသံများ၊ တုန်ခါမှုများ စသည်ဖြင့် လုပ်ငန်းခွင်သဘာဝအလိုက် အမျိုးမျိုးရှိကြသည်။ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများသည် မိမိတို့လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များကိုသာမက လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်နိုင်သည့် နည်းလမ်းများကိုပါ ကောင်းစွာသဘောပေါက် နားလည်ထားကြရန်လိုသည်။

အလုပ်ရှင်သည် မိမိပိုင်ဆိုင်သော လုပ်ငန်း၏ အန္တရာယ်ရှိမှုအတိုင်းအဆနှင့် လုပ်ငန်းခွင်အန္တရာယ်ကျရောက်နိုင်မှုအခြေအနေတို့ကို တိုင်းတာအကဲဖြတ်မှုပြုလုပ်ခြင်း၊ အလုပ်သမားများကို ကျန်းမာရေးဆေးစစ်ပေးခြင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံများကို အခမဲ့လုံလောက်စွာထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေခြင်း၊ အရေးပေါ်အခြေအနေဆိုင်ရာ အစီအမံများ ရေးဆွဲထားရှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ တက်ရောက်စေခြင်း၊ အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေကြုံတွေ့ပါက သတင်းပို့စနစ်ထားရှိခြင်း၊ ထိခိုက်မှုဖြစ်ပွားမည့်ဆဲဆဲအခြေအနေတွင် လုပ်ငန်းစဉ်ကို ချက်ချင်းရပ်တန့်ခြင်း၊ ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ခြင်း၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် သတ်မှတ်သည့် အလုပ်ချိန်နာရီအတွင်း၌သာ လုပ်ကိုင်စေခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကုန်ကျစရိတ်များကို တာဝန်ယူကျခံခြင်း စသည်တို့အတွက် တာဝန်ရှိသည်။

အလုပ်ရှင်များနည်းတူပင် အလုပ်သမားများသည်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကာအကွယ်ဝတ်စုံများကို စနစ်တကျမှန်ကန်စွာသုံးစွဲရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအကြံပြုချက်များ၊ ညွှန်ကြားချက်များကို လိုက်နာကြရန်၊ စက်ယန္တရားများ၊ စက်ကိရိယာတန်ဆာပလာများ၊ လျှပ်စစ်ပစ္စည်းများ စသည်တို့ကို စနစ်တကျကိုင်တွယ်အသုံးပြုရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်နိုင်သည့်အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတာဝန်ခံထံ ချက်ချင်းတင်ပြရန်၊ ၎င်းတာဝန်ခံနှင့် အလုပ်ရှင်တို့၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်ရန် စသည်တို့အတွက် တာဝန်ရှိသည်။

အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှုမဖြစ်ပေါ်စေနိုင်သော လုပ်ငန်းခွင်သည် ဘေးကင်းလုံခြုံပြီး သာယာသည့်ပတ်ဝန်းကျင်တစ်ခုဖြစ်လာပြီး အလုပ်သမားများ စိတ်ဓာတ်မြင့်မားမှုနှင့် လုပ်ငန်းခွင်ပျော်ရွှင်မှုတို့ကို ဖန်တီးပေးနိုင်သည်။ ယင်း၏အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှုစွမ်းရည်ကို တိုးတက်လာစေခြင်း၊ ထုတ်ကုန်အရည်အသွေး မှန်ကန်တည်ငြိမ်မှုအပေါ် အကျိုးသက်ရောက်စေခြင်း၊ ကုန်ကျစရိတ်သက်သာစေခြင်းနှင့် ထုတ်လုပ်ပေးသွင်းမှုများအတွက် အချိန်တိကျမှန်ကန်စေခြင်း စသည့်ကောင်းကျိုးများ ရရှိစေနိုင်သည်ဖြစ်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အလုပ်ရှင်များရော အလုပ်သမားများပါ လိုက်နာဆောင်ရွက်ကြရပါမည့်အကြောင်း။ ။




## သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အများပြည်သူများထံသို့ မှန်ကန်ထိရောက်သော အချက်အလက်များဖြင့် ပေးပို့နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သော ဘာသာရပ်များ၌ သတင်း၏ အနက်အဓိပ္ပာယ်များ၊ သတင်းတစ်ပုဒ်တည်ဆောက်ပုံ၊ အများပြည်သူသို့ သတင်းရေးသားထုတ်ပြန်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များ၊ သတင်းတစ်ပုဒ်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ ဓာတ်ပုံရိုက်ကူးရေးနှင့် စပ်လျဉ်း၍ ဓာတ်ပုံအယူအဆ၊ အလင်းပေးမှု၊ ကြည်လင်ပြတ်သားမှု၊ သတင်းဓာတ်ပုံရိုက်ကူးခြင်းနှင့် စပ်လျဉ်း၍သိသင့်သိထိုက်သောအကြောင်းအရာများဖြစ်သဖြင့် အလွန်ပင်အသုံးဝင်သော သင်တန်းဖြစ်ပြီး သင်တန်းသားများအတွက်များစွာအကျိုးရှိပါကြောင်း၊သင်တန်းသားများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို ရေးသား/ရိုက်ကူးရာတွင် သင်ကြားပို့ချသည့် ပညာရပ်များကို စနစ်တကျအသုံးပြု လက်တွေ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ သင်တန်းသားများ အွန်လိုင်း အပါအဝင် စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေးသင်တန်းတွင် အရာထမ်း/ အမှုထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ဖျက်ဆီး၍ ကုန်ပစ္စည်းရှားပါးပြတ်လပ်ကာ ပြည်သူတွေ စားဝတ်နေရေး ခက်ခဲအောင် ပြုလုပ်နေတဲ့ NUG နဲ့ PDF အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံ့အနာဂတ်အတွက် ပညာရေးပန်းများ ပွင့်လန်းစေချင်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၅** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

❖ ရှေ့ဖုံးမှ

(၁၀) ဦးဝဏ္ဏမောင်လွင် အဖွဲ့ဝင်
(၁၁) ဒေါ်ဒွဲဘူ အဖွဲ့ဝင်
(၁၂) ပိုးရယ်အောင်သိန်း အဖွဲ့ဝင်
(၁၃) မန်းငြိမ်းမောင် အဖွဲ့ဝင်
(၁၄) ဒေါက်တာ မှုထန် အဖွဲ့ဝင်
(၁၅) ဒေါက်တာ ဘရွှေ အဖွဲ့ဝင်
(၁၆) ခွန်စံလွင် အဖွဲ့ဝင်
(၁၇) ဦးရွှေကြိမ်း အဖွဲ့ဝင်
(၁၈) ဦးရန်ကျော် အဖွဲ့ဝင်

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၈၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်နိုင်ဦး အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၈၉ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

( ၁ ) ဦးဘရန်ရှောင် — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ၂ ) ဦးညွှန့်အောင် — ဒုတိယဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၈၆ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် အား စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၈၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထွန်းအုံ အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၉၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်ဇော် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂၅ - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ မိုင်းယန်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ လွိုင်ကော်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မော်လမြိုင်မြို့တွင် ၀ ဒသမ ၈၇ လက်မနှင့် ဥက္ကံမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီတို့ ဖြစ်ကြသည်။ မိုး/ဇလ

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၉၁ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဦးလွင်ဦး — နိုင်ငံခြားရေးဝန်ကြီးဌာန
( ၂ ) ဦးမင်းမင်း — စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၂၅**

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက အကြိမ် (၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများဖိတ်ခေါ်ကြောင်း ယနေ့ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ် ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းက တစ်မျိုးစီပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် လေးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ်ငါးမျိုးအတွက် စာပေပြိုင်ပွဲ ဝင်လိုသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် အမှတ် (၅၂၉-၅၃၁) ရှိ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိအကောက်ခွန်ဦးစီးဌာန ဇေယျာသီဟအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ကုန်သေတ္တာ၊ အလုံပိတ်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့် (Logistics Surveillance System – E-Lock) စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အဂတိတရားကင်းရှင်းစွာဖြင့် ထမ်းဆောင်**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများကို အဓိကရှာဖွေပေးရသည့် ဌာနတစ်ခုဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင်လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိစစ်ဆေးကြပ်မတ်ရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ကြရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာရန်လိုကြောင်း၊ ယခု E-Lock နှင့် National Single Window စနစ်တို့မှာ အရေးကြီးသည့် လုပ်ငန်းများဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းစစ်ဆေးသည့်အခါ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့များနှင့် သေချာစစ်ဆေးရန်လိုအပ်ကြောင်း၊ စတင်စစ်ဆေးသည့်နေရာနှင့် လမ်းခရီးအဆုံးတို့တွင် ကုန်ပစ္စည်း စစ်ဆေးခြင်းများ ဆောင်ရွက်နေခြင်းကို CCTV Camera များဖြင့် E-Lock Control Room မှ တိုက်ရိုက်ကြည့်ရှုနိုင်အောင် စီစဉ်ထားရန်လိုကြောင်း၊ National Single Window ကိုလည်း မဖြစ်မနေအကောင်အထည်ဖော်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အောက်ခြေကို စနစ်တကျကြပ်မတ်ရန် လိုကြောင်း၊ ဝန်ထမ်းငယ်များ၏ အခက်အခဲများကို ဖြေရှင်းပေးရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ထမ်းဆောင်ရန် လိုကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေး**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနရှိ E-Lock Control Room မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲရှိ Monitoring Room မှတစ်ဆင့် MACCS စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား၍ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနှင့် အရေးကြီးသော နိုင်ငံတော်၏ ဘဏ္ဍာငွေများ ရှာဖွေစုဆောင်းရန် အဓိကတာဝန်ရှိပါကြောင်း၊ သို့ဖြစ်ရာ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများအားထားရသည့် အာမခံအကာအကွယ်များကို ပြည့်ပြည့်ဝဝပေးနိုင်အောင် အရာထမ်း/အမှုထမ်းအားလုံးက ယခုထက်ပိုမိုကြိုးစားပြီး ဝင်ငွေများကိုလည်း လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်ကြရာတွင် အရာထမ်း/အမှုထမ်းများ အနေဖြင့် သတ်မှတ်ထားသော ဌာနစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာစောင့်ထိန်းကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် အားကိုးရသော၊ စွမ်းရည်ပြည့်ဝသည့် တာဝန်ကျေပွန်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ

**ပြည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဒေသခံပြည်သူများအား သုတ/ရသ စာအုပ်စာပေများကို သက်သာသော ဈေးနှုန်းဖြင့် အလွယ်တကူ ဝယ်ယူဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ နန်းတော်ဝင်စာပေတိုက်တို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ပြည်မြို့ ဘုတာကြီးရှေ့ စကြ်ံလျှောက်လမ်း၌ ယနေ့နံနက်က ကျင်းပလျက်ရှိသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒေါ်ခင်ရွှေဝါဖူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ယင်းပွဲတော်တွင် စာပေတိုက်အသီးသီးမှ သုတ/ရသ စာအုပ်စာစောင်မျိုးစုံကို သက်သာသော ဈေးနှုန်းဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး ပွဲတော်ကို စက်တင်ဘာ ၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ **ကိုဆက်(ပြန်/ဆက်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ NCA နှစ်ပတ်လည်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ပတ်သက်၍ မူဝါဒဆိုင်ရာများနှင့်အခမ်းအနားကို လက်တွေ့ကျကျ အဓိပ္ပာယ်ရှိရှိ အလေးအနက်ထား စီစဉ်ကျင်းပသွားမည့်ကိစ္စများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး NCA နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပပြုလုပ်ရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အခမ်းအနားကျင်းပမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးအေးဝင်းက အခမ်းအနားတက်ရောက်သူများ ဖိတ်ကြားရေး၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က အခမ်းအနားကျင်းပရာတွင် အစီအစဉ်တကျဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များ အကြံပြုဆွေးနွေး**

ဆက်လက်၍တက်ရောက်လာသည့်ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ NCA (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် အဓိပ္ပာယ်ရှိရှိ အနှစ်သာရပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကိုယ်စားလှယ်အဖွဲ့ (၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (16th Conference of ASEAN Ministers Responsible For Information – AMRI )နှင့် (20th ASEAN Senior Officials Meeting Responsible for Information– SOMRI) နှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ( AMRI +3) အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။




**အတည်ပြုထုတ်ပြန်နိုင်**

(၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th AMRI) တွင် AMRI ၏ ASEAN 2030 မှ Vision Statement၊ Da Nang Declaration (ဒါနန်းကြေညာချက်)၊ သတင်းတုသတင်းမှားတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက် (TBC)၊ သတင်းတုများဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့ (TFFN)၏ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံ –တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး လုပ်ငန်းစီမံချက် 2018–2024 သက်တမ်းတိုးခြင်း၊ အာဆီယံ+ ၃ သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး လုပ်ငန်းစီမံချက် 2018–2023 သက်တမ်းတိုးခြင်း အပါအဝင် ပူးတွဲထုတ်ပြန်ချက်များနှင့် သဘောထားများကို အတည်ပြု ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အာဆီယံ–တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ညှိနှိုင်းရေးမှူးတာဝန် (Country Coordinator) ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနဝန်ကြီး၊ Deputy Head of the Publicity Department of the CPC Central Committee ဖြစ်သူ H.E. Mr. SUN YELI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ပြီး မီဒီယာနှင့်ပြန်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် အဖွဲ့သည် (၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ စက်တင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အကြိမ် (၂၀) မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (20th SOMRI)၊ (၇)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး (7th SOMRI+3)၊ (၄)ကြိမ်မြောက် အာဆီယံ +ဂျပန် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (4th SOMRI+J)များသို့ တက်ရောက်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင်ပြန်ကြားရေး အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Jose A. Torres, Jr. နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ သတင်းမီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်နိုင်ခဲ့**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် (၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၊ အကြိမ် (၂၀) မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နှစ်နိုင်ငံ သီးခြားတွေ့ဆုံမှုများအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် မီဒီယာဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ ***ရွှေဖုံးမှ***

သထုံမြို့နယ်အတွင်း မိုးစပါးစိုက်ကေပေါင်း ၁၃၃၁၁၁ ကေရှိသည့်အနက် ပြီးခဲ့သည့် ဇူလိုင်လ စတုတ္ထပတ်မှစတင်ကာ မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၂၀ တို့၌ မိုးစပါးစိုက်ကေ စုစုပေါင်း လေးသောင်းကျော်ခန့် ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့အနက် ၁၈၈၄၆ ကေ ပျက်စီးခဲ့ရပြီး အဆိုပါပျက်စီးကေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမြန်ဆုံး ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်း MSMEများ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၅**

မဲခေါင်-လန်ချန်းဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကို အကောင်အထည်ဖော်ရာတွင် ဒစ်ဂျစ်တယ် အသုံးပြုမှု ကျွမ်းကျင်လာစေရန်အတွက် လိုအပ်သောနည်းပညာများနှင့် အသိပညာရရှိစေရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။






သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ဒေသမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Virtual စနစ်ဖြင့် တက်ရောက်သည်။ **(အပေါ်ပုံ)**

**ဆက်လက်ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အမြဲတန်ဖိုးထားပြီး အနာဂတ်တွင် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန် လေးစားမှုနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမှု စသည့်အခြေခံမှုများနှင့်အညီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မဲခေါင်နိုင်ငံများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့် သင်တန်းမှ ဆွေးနွေးပို့ချချက်များကို ပြန်လည်မျှဝေနိုင်သည်အထိ ဂရုတစိုက် လေ့လာမှတ်သားကြရန် တိုက်တွန်းပါကြောင်းနှင့် သင်တန်းမှရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် E-Business ပုံစံများနှင့် သဘောတရားများ၊ MSME များ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ပြောင်းလဲမှု အလေ့အကျင့်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် မဟာဗျူဟာနှင့်စီမံခန့်ခွဲမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲရန် နည်းပညာလိုအပ်မှု၊ မဲခေါင်-လန်ချန်း ဒေသတွင်းရှိ နိုင်ငံများတွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲရန် အဆင်သင့်ရှိရမည့် အချက်များ၊ ဒစ်ဂျစ်တယ် ဆန်းသစ်ခြင်းနှင့် ပြောင်းလဲခြင်းများအတွက် မဲခေါင်-လန်ချန်း ဒေသတွင်းရှိ MSME များ၏ ကောင်းမွန်သည့် အလေ့အကျင့်များ၊ MSME များ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်မြှင့်တင်နိုင်ရန် အလိုအပ်ဆုံးသော ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုများ၊ Data Management and Cybersecurity ဆိုင်ရာများ၊ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ပြောင်းလဲရန် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ငါးရက်ကြာ သင်ကြားသွားမည်ဖြစ်သည်။ ထို့ပြင် အုပ်စုများ ဖွဲ့စည်း၍ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲမှု အစီအမံများ ရေးဆွဲခြင်းသင်တန်းမှ ထွက်ရှိလာသည့် ရလဒ်များနှင့်ပတ်သက်၍လည်း ပြန်လည်ဆွေးနွေးသုံးသပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်း၊ အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂၅**

လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း၊ အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် ဝန်ထမ်းငယ်များကို အနီးကပ်ကြီးကြပ်ဦးဆောင်ရသူများဖြစ်သည့်အပြင် စီမံခန့်ခွဲသူများ၏ လမ်းညွှန်မှုများကိုလည်း လိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်ကြရသူများဖြစ်သဖြင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝနေစေရန် စစ်ဆေးရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူးကြရန် လိုအပ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကိုယ်ကျင့်သိက္ခာ မြင့်မားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် အများပြည်သူအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများမှ သင်တန်းသား ၉၅ဦးတို့ကို စာသင်ခန်းရောက် (Face to Face) ဖြင့် လည်းကောင်း၊ သင်တန်းသား ၁၅ ဦးတို့ကို Online ဖြင့် လည်းကောင်း စုစုပေါင်း သင်တန်းသား ၁၁၀ တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သင်တန်းသားများက Online ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပဲခူးတိုင်းဒေသကြီးသို့ စက်တင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၄သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၂၂၀ ဒသမ ၅ သန်း တိုးတက်ဝင်ရောက်

**ပဲခူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၂၅ ရက် နံနက်က တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)ကို ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ခြင်းနှင့် ပို့ကုန် တိုးမြှင့်နိုင်ရေး MSMEs ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် မြေသြဇာထုတ်လုပ်သည့်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများပြားစွာရရှိမည့် CMP လုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုအပ်ပြီး ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခိုင်မာစွာရပ်တည်နိုင်ရေးနှင့် လုပ်ငန်းတိုးချဲ့နိုင်ရေး ဥပဒေနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စိတ်ပါဝင်စားစွာ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဝိုင်းဝန်းကြိုးစား အကြံပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်၏ ရှင်းလင်းတင်ပြခဲ့မှုပေါ် ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးသို့ စက်တင်ဘာလ တစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ခုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခုမှ ငွေကျပ် ၂၂၀ ဒသမ ၅သန်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ၈၈၅ဦး တိုးတက်ရရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၄၉၅ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ်၇၅၄၅၆ ဒသမ ၂၇၅သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၉၄၅၁ဦး ဖော်ဆောင်ပေးနိုင်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ အသိပညာပေး

**ပဲခူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်းပြီး ကျောင်းသားလူငယ်များ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ သိရှိစေရန် စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၏ ရွှေရတုခန်းမ၌ အသိပညာပေးဟောပြောသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရေး၊ ဗဟုသုတပြည့်ဝစေရေး၊ ကလေးသူငယ် အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝရရှိစေရေး၊ ကလေးသူငယ်များ၏ အနာဂတ်ဘဝ ပြည့်စုံစေရေး၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားထားရသည့် ကလေးများဖြစ်စေရေးတို့နှင့်ပတ်သက်၍ အသိပညာပေး ပြောကြားပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့နိုင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးမြို့ အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးက ကလေးသူငယ် ရရှိနိုင်သည့် အခွင့်အရေးများ၊ မသန်စွမ်းကလေးများရရှိနိုင်သည့် အခွင့်အရေးများ၊ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပရေး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ်နိုင်ငံ ယူနန်ပြည်နယ် နိုင်ငံတကာ ပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ တောင်အာရှနှင့် အရှေ့တောင်အာရှ (နိုင်ငံတကာဒေသတွင်း)ပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ် မစ္စတာ ကျန့်ရှော့ကူနှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး **(ယာပုံ)** ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပရေး ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအား မြှင့်တင်ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအထိ ပိုမိုတိုးတက်ခိုင်မြဲအောင် တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ၂၀၂၃ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မှုသည် အထူးသင့်လျော်ကောင်းမွန်မှုဖြစ်ပါကြောင်း၊ ယခင်လက ယူနန်ပြည်နယ်သို့ ရောက်ရှိခဲ့စဉ် ညှိဝတ်ကျေပွန်မှုအတွက်လည်း အမှတ်တရရှိပြီး ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုလ(၂၂/၂၃) ရက်များက ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ သွားရောက်ခဲ့စဉ် တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး H.E. Mr. SUN YELI နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မီဒီယာကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုဖြင့် နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများ ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း၊ တရုတ်-မြန်မာ Twin City Media Forum ကို မန္တလေးမြို့၌ ယခုနှစ် နိုဝင်ဘာ တတိယပတ်တွင် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ရန်နှင့် တရုတ်နိုင်ငံမှ အင်အား ၃၀ ခန့်နှင့် မြန်မာဘက်မှ အင်အား ၇၀ ခန့် ပေါင်း အင်အား ၁၀၀ ခန့် ဖိတ်ကြား၍ စီစဉ် ဆောင်ရွက်မည်ဖြစ်ပြီး ဖိုရမ်ပြီးပါက တရုတ်ဧည့်သည်များ နေပြည်တော်သို့ လာရောက်လေ့လာလည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက် စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ယူနန်ကိုယ်စားလှယ်က မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ဆွေမျိုးပေါက်ဖော်နှစ်နိုင်ငံအတွက် အကျိုးရှိပါကြောင်း၊ ယဉ်ကျေးမှုကြွယ်ဝသည့် မန္တလေးမြို့တွင် ဖိုရမ်ကျင်းပရန် ရွေးချယ်နိုင်ခြင်းအပေါ် နှစ်ခြိုက်သဘောတူပါကြောင်း၊ ဖိုရမ်တွင် နှစ်နိုင်ငံ ယဉ်ကျေးမှု ဖျော်ဖြေရေး အစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်လိုပါကြောင်းနှင့် ဖိုရမ်ကျင်းပရေး အစီအစဉ်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်တက်ရောက်လာသူများက ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေး အပြန်အလှန် ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Myanmar International (MI)Channel မှ အပတ်စဉ် ရိုက်ကူးထုတ်လွှင့်နေသည့် ကျောင်းသူ နှစ်ဦးအား အင်္ဂလိပ်ဘာသာဖြင့် ဗဟုသုတ မေးမြန်း/ ဖြေဆိုမှု စွမ်းရည်ပြိုင်ပွဲ (Quiz Time Program)ရိုက်ကူးမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် MRTV-HD Channel မှ နေ့စဉ် နံနက်၁၀နာရီတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေသည့် "သတင်းထဲက သတင်း" အစီအစဉ်ကို ကြည့်ရှုအားပေးပြီး တင်ဆက်မည့် သတင်းများ ရွေးချယ်မှု၊ တင်ဆက်မှုပုံစံ၊ ဝတ်ဆင်မှု၊ လေ့လာဆန်းသစ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ တာဝန်ကျဝန်ထမ်းများအား ချီးမြှင့်ငွေ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးသို့ သွားရောက်ပြီး ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့်အဖွဲ့အား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ပနိုင်ငံများနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်နှင့် (၂)နှစ်တစ်ကြိမ် ကျင်းပသည့်ညီလာခံတို့သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်းသည် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၂၀ရက်မှ၂၁ရက်အထိ ကျင်းပသော အာရှပစိဖိတ်အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂)နှစ် တစ်ကြိမ်ကျင်းပသည့် ညီလာခံ (28th Annual General Meeting of Asia Pacific Forum & Biennial Conference) တို့သို့ ပါဝင်တက်ရောက်ခဲ့သည်။





စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပသော အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် (၂)နှစ်တစ်ကြိမ် ကျင်းပသည့် ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ Smt. Droupadi Murmu တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးအစီအစဉ် ပထမနေ့အဖြစ် အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏(၂၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံ ၂၆ နိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အိန္ဒိယ လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ လေ့လာသူများအဖြစ် တက်ရောက်ကြသည့် Cook Islands, Taiwan, Turkmenistan နှင့် United Arab Emirates နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်အဖွဲ့ဝင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-governmental Organizations, NGOs) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်အဖွဲ့ဝင်များအကြား ရှေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများနှင့် Dehli Declaration ထုတ်ပြန်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက်တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အထိမ်းအမှတ်နှင့် ပါရီအခြေခံမူများ နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် 30 years of Promoting and Protecting Human Rights Across Asia and the Pacific ၊ Advancing the Universal Declaration of Human Rights and Its Promise of Equality, Freedom and Justice For All နှင့် The Role of NHRIs Responding to an Mitigating the Human Rights Impacts of Climate Change - National, Regional and International Actions ခေါင်းစဉ်များဖြင့် စကားဝိုင်း ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲများအပြီးတွင် Delhi Declaration ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် ထိုင်းနိုင်ငံလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းမှ (ပဥ္စမ)အကြိမ် ချေးငွေထုတ်ချေးပေး

**တနင်္သာရီ စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ခြေဖုံးကျေးရွာအုပ်စု စတိန်သောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(ပဥ္စမ)အကြိမ် ချေးငွေထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သူဇာမိုးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ရန်ပုံငွေထုတ်ချေးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စတိန်သောင်ကျေးရွာ မတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၉၉၅၀၀၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စတိန်သောင်ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်းကော်မတီက ယင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအတွက် ငွေကျပ် ၈၂၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် ၁၇၀၀၀၀၀ အား မတည်ရန်ပုံငွေ ထုတ်ချေးပေးကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ပြည်သူလူထုစားဝတ်နေရေးပြေလည်စေရေး အလေးထားဆောင်ရွက်ကြစေလို

**နေပြည်တော် စက်တင်ဘာ ၂၅**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းများ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ဆန်နှင့် စားသုံးဆီများ ရောင်းချနိုင်ရေးအတွက် ဆန်လုပ်ငန်းရှင်များ၊ စားသုံးဆီလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဆန်လုပ်ငန်းရှင်များနှင့် စားသုံးဆီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ မြို့နယ် ရှစ်မြို့နယ်အတွက် နေပြည်တော်စားသုံးသူရေးရာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းသား ၂၄ ဦးက ရက်သတ္တပတ်လျှင် ၅ ရက် ဆီပီပါ ၂၀၀ ခွဲတမ်းချ၍ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ စားသုံးဆီ ရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့် ရောင်းချခြင်း ရှိ မရှိ၊ ရောင်းချရန် အစီအစဉ်အတိုင်း ရောင်းချမှုများကို စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်အတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ ဆန်လုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာမြို့နယ်အလိုက် သက်သာသောနှုန်းထားဖြင့် ပြည်သူလူထုအား ဆန်များ ဆက်လက်ရောင်းချပေးစေလိုကြောင်း၊ နေပြည်တော်အတွင်းရှိ ဝေးလံခေါင်ပါးသည့် ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် စားအုန်းဆီနှင့် ဆန်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး၊ ပြည်သူလူထု စားဝတ်နေရေး ပြေလည်စေရေးကိုလည်း အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် စားသုံးဆီဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇေယျာလင်း က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းများ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ဆန်နှင့် စားသုံးဆီများ ရောင်းချနေမှုနှင့် ဆက်လက်ရောင်းချမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော် စားသုံးဆီဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး နေပြည်တော်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းနှင့် ဌာနဆိုင်ရာများ၊ နေပြည်တော်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဆန်လုပ်ငန်းရှင်များနှင့် စားသုံးဆီလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နှင့် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်တို့၌ နေပြည်တော်၊ ခရိုင်/မြို့နယ် စားသုံးဆီ ဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် စားသုံးဆီ သတ်မှတ်ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ ဖြင့် အိမ်ထောင်စု တစ်စုလျှင် တစ်ပိဿာနှုန်း တုံကင်စနစ်ဖြင့် သပြေကုန်းရပ်ကွက်တွင် အိမ်ထောင်စု ၅၅၀ နှင့် ဒက္ခိဏသီရိရပ်ကွက်တွင် အိမ်ထောင်စု ၅၅၀ ကို လက်ဝယ်အရောက် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၀ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီအနက် **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၁၀ ပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီ ၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်ပြည့်စုံရေးစစ်ဆေးမည့်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂၅**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သော နိုင်ငံရေးပါတီများအနက် ကယားပြည်နယ်အတွင်းရှိ ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီ (၂) ပါတီ၏ ပါတီဝင်အင်အားစိစစ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကယားပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက နိုင်ငံရေးပါတီများက တင်ပြသော ပါတီဝင်အင်အားစာရင်းကို ကနဦးစစ်ဆေးချက်များအရ ဥပဒေနှင့်အညီ နေထိုင်သူစာရင်းတွင် မရှိသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တူနေသူများ၊ ဝန်ထမ်းများ၊ နေရပ်လိပ်စာ မပြည့်စုံသူများ အစရှိသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် ပါတီဝင်များ ပါရှိနေကြောင်း တွေ့ရှိသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည်ဖြစ်ကြောင်းနှင့် ပုဒ်မ ၂၄ အရ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ကော်မရှင်က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ကယားပြည်နယ်အတွင်းရှိပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကယားပြည်နယ်အတွင်း ပါတီရုံးခွဲဖွင့်လှစ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ ဒေသခံကျောင်းသူများ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ဆက်လက်ထိုးနှံ၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို လုံခြုံမှု အပြည့်အဝရရှိစေရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထု၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရေးနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းကလည်း ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ကြားလျက်ရှိသော အသက် ၉ နှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသူများအား နယ်မြေခံတပ်မှ ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများ စုပေါင်း၍ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးသည်။

ထို့ပြင် ဘုရားသုံးဆူမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုများ အနေဖြင့် အခြေခံစားကုန်များကို သက်သာချောင်ချိစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးရာ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်များပိုမိုရရှိကာ ပြည်နယ်ဂုဏ်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၂၅

**၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၂၅ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**



**ဆွေးနွေးဆောင်ရွက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဗဟိုအဆင့်ပြိုင်ပွဲအား အဆင့်အတန်းရှိရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲ ကျင်းပပြုလုပ်ရန် ကော်မတီအလိုက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နှစ်တွင် ပြည်နယ်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအမျိုးအစား ၃၆ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ် ၁၀ ခုရရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုနှစ်တွင်ပြိုင်ပွဲအမျိုးအစားအလိုက် တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ဆုတံဆိပ်များပိုမိုရရှိကာ ပြည်နယ်ဂုဏ်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် ပြည်နယ်အဆင့်ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် အားသာချက်/အားနည်းချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများက ဗဟိုအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲအတွက် ဘာသာရပ်အလိုက်/အမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည့်အစီအစဉ်များ၊ ဗဟိုအဆင့်ပြိုင်ပွဲအတွက် ကြိုတင်စုဖွဲ့လေ့ကျင့်ဆောင်ရွက်သွားမည့်အစီအမံများနှင့် ရိုးရာယဉ်ကျေးမှုအကများဖြင့် ပါဝင်ယှဉ်ပြိုင်ရာတွင် စနစ်တကျဖြစ်စေရေး ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့အပြင် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ယခင်နှစ်က ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် ပြည်နယ်အတွင်း အသက် (၁၀၀)နှစ်နှင့်အထက် ဘိုးဘွား ၁၄၈ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါကြောင်းနှင့် ယခုနှစ်တွင်လည်း သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ဂါဝရပြု ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစောင့်ရှောက်**

ယင်းနောက် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက စီစဉ်ဆောင်ရွက်ထားမှုများ တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်နိုင်ရန် လိုအပ်လျက်ရှိသော ဘိုးဘွားရိပ်သာများ တိုးချဲ့တည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

**ဝိုင်းဝန်းပူးပေါင်း**

ထို့နောက် မွန်းလွဲပိုင်းတွင် အဆိုပါခန်းမ၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်နေရာချထားရာတွင် မူလနေထိုင်ရာဒေသနှင့် လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ပေါင်းစည်းနေထိုင်ခြင်း၊ မူလနေထိုင်ရာဒေသနှင့်အနီးဆုံးနေရာ(သို့မဟုတ်) အခြားသင့်လျော်သောနေရာတစ်ခုသို့ ပြောင်းရွှေ့၍ ပေါင်းစည်းနေထိုင်ခြင်း၊ ယာယီခိုလှုံရာဒေသရှိ လူမှုပတ်ဝန်းကျင် (သို့မဟုတ်) အခြားသင့်လျော်သည့် လူမှုပတ်ဝန်းကျင်အတွင်း ပေါင်းစည်းနေထိုင်စေခြင်း စသည့် အချက်သုံးချက်နှင့်အညီ စခန်းများပိတ်သိမ်းပြီး ပြန်လည်နေရာချထားပေးနိုင်ရေးတို့ကို ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

**ချိတ်ဆက်ဆောင်ရွက်**

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ကော်မတီဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ခံများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ ICRC မှ တာဝန်ခံတို့က ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ခဲ့မှုအခြေအနေများ၊ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ၎င်းတို့၏ နေရပ်တွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ရေ၊ မီး လိုအပ်ချက်များအတွက် ပြင်ဆင်ဖြည့်စွက် ဆောက်လုပ်ပေးနေမှုအခြေအနေများ၊ ဗန်းမော်ခရိုင် မံစီမြို့နယ်၊ ကောင်ရာ KBC Camp စခန်းမှ အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၁၅၄ ဦးအတွက် ၎င်းတို့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသည့် ရပ်ကွက်၊ ကျေးရွာများထံ လာမည့်နိုဝင်ဘာလအတွင်း ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်ရန် ဂရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(KMSS) မှ နေအိမ်များ ဆောက်လုပ်ပေးရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ချင်းနှစ်ခြင်း Camp စခန်းမှ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၅ ဦးအတွက် နေအိမ်ဆောက်လုပ်ပေးနိုင်ရေး၊ စားရေရိက္ခာများ ကူညီထောက်ပံ့ပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) (Yangon Branch) တို့ပူးပေါင်း၍ 2023 Yangon Branch "Golden Autumn" RMB Forum ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရန်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေရန်နှင့် နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လွယ်ကူချောမွေ့စေရန်အတွက် ယွမ်-ကျပ် တိုက်ရိုက်ပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Bank of China (Hong Kong)မှ 2023 Yangon Branch "Golden Autumn" RMB Forum ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက Wyndham Grand Yangon Hotel ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက Video Conferencing ဖြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ယွမ်/ကျပ် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် သုတေသနလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်အရာထမ်းများ၊ ယွမ်-ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုဆိုင်ရာ Designated Bank များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ယူအေဘီဘဏ်၊ ရိုးမဘဏ်၊ ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်၊ CB Bank PCL နှင့် ကမ္ဘောဇဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ယနေ့ဖိုရမ်တွင် Bank of China (Hong Kong)မှ Mr. Ying Jian က တရုတ်ယွမ်အား ကမ္ဘာသုံးငွေကြေးအဖြစ် ဆောင်ရွက်မှုအဆင့်ဆင့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် နယ်စပ်ဖြတ်ကျော် တရုတ်ယွမ်ကုန်သွယ်မှုအတွက် ပေးချေမှုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ၊ တရုတ်နိုင်ငံပြင်ပ၌ တရုတ်ယွမ်စာရင်းရှင်းလင်းမှုတွင် Bank of China (Hong Kong) သည် ပထမဆုံး တရုတ်ယွမ် Clearing Bank ဖြစ်ပြီး ကမ္ဘာတစ်ဝန်းနှင့် အရှေ့တောင်အာရှတွင် တရုတ်ယွမ် Clearing Bank အဖြစ် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အရင်းအနှီးဈေးကွက်၊ ငွေရေးကြေးရေးဈေးကွက်တို့တွင် တရုတ်ယွမ်ဖြင့် ဆောင်ရွက်ခဲ့မှုများ၊ IMF ၏ SDR Currency Basket တွင် တရုတ်ယွမ်ပါဝင်လာမှုနှင့် Global Reserve Currency ဖြစ်ပေါ်လာခဲ့မှုများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် Mr. Nathan Yeung က တရုတ်ယွမ် ငွေလဲလှယ်နှုန်းအလားအလာနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးဆန်းစစ်ချက်နှင့် ပတ်သက်၍ ဆွေးနွေးရာတွင် အမေရိကန်ဒေါ်လာ၏ ဦးဆောင်မှုအခန်းကဏ္ဍသည် ကျဆင်းလာသော်လည်း အရေးပါသော အခန်းကဏ္ဍတွင် ရှိနေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးအညွှန်းကိန်းများသည် တိုးတက်လျက်ရှိနေပြီး အမေရိကန်ဒေါ်လာနှင့် တရုတ်ယွမ် Spot Rate များသည်လည်း မြင့်တက်လျက်ရှိသဖြင့် တရုတ်ယွမ်၏ ခိုင်မာမှုသည် တိုးမြှင့်လာနေကြောင်း ဆွေးနွေးသည်။

ထို့နောက် Mr.Zhao Yidi က တရုတ်ယွမ်ဖြင့် ငွေရေးကြေးရေးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုနည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တရုတ်ယွမ်ဖြင့် ငွေတိုက်စာချုပ် ထုတ်ဝေရောင်းချမှုများ၊ တရုတ်ယွမ်၏ FX Rate နှင့် Interest Rate များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ Mr.Yue Jiacheng က နယ်စပ်ဖြတ်ကျော်ဘဏ်များအကြား ငွေပေးချေမှုစနစ်(CIPS) တို့နှင့်စပ်လျဉ်း၍ မိတ်ဆက်ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး (ပထမဆု)

ပြည့်ထူး (မင်းဘူး)

**နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် ၎င်းတိုးတက်မှုကို ရေရှည်စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းထားနိုင်စေရေးအတွက် ယင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် လူမှုဖူလုံရေးတို့အကြား ဟန်ချက်ညီသော ဗျူဟာမြောက် လုပ်ဆောင်ချက်များ ဖြစ်စေရန်မှာ အဓိကကျလှပေသည်။ ကမ္ဘာကြီးသည် အပြန်အလှန် ချိတ်ဆက်မှုရှိလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းအတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ ယဉ်ကျေးမှုဖလှယ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍတို့တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် အရေးကြီးလာသည်။**

## အဓိကဦးစားပေးလုပ်ငန်းတစ်ခု

ထို့ကြောင့် ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်မှုနှင့် အပြုသဘောဆောင်သော ရလဒ်များကို မြှင့်တင်ရင်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအပေါ် ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် ရည်ရွယ်၍ United Nations World Tourism Organization (UNWTO) က အဖွဲ့ဝင်နိုင်ငံများ၊ ခရီးစဉ်ဒေသများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပေါင်းကူးတံတားအဖြစ် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ (Green Investments) အား အဓိကဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ကိုလည်း **“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး (Tourism & Green Investments)”** ဟု သတ်မှတ်ကာ နိုင်ငံတကာ အသိုက်အဝန်း၊ နိုင်ငံအစိုးရများ၊ နိုင်ငံစုံ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာသစ်တစ်ရပ်ကို စုစည်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

## အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ

ခရီးသွားကဏ္ဍတွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ခရီးသွားလုပ်ငန်းအတွင်း သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို မြှင့်တင်ရန် ရည်ရွယ်သော ငွေကြေးဆိုင်ရာ လှုပ်ရှားမှုများနှင့် အစပျိုးလုပ်ဆောင်မှုများကို ဆိုလိုခြင်းဖြစ်ပါသည်။ ၎င်းတွင် ခရီးသွားလုပ်ငန်း၏ အနုတ်လက္ခဏာဆောင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လျှော့ချပေးသည့် စီမံကိန်းများ၊ နည်းပညာများနှင့် မဟာဗျူဟာများဆီသို့ ငွေကြေး အရင်းအမြစ်များကို လမ်းညွှန်ပေးခြင်းများ ပါဝင်ပြီး ရည်ရွယ်ချက်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးတို့အကြား ဟန်ချက်ညီအောင် ဖန်တီးရန်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်က ထုတ်ဝေသည့် Global Risk Report 2023 အရ ခရီးသွားလုပ်ငန်းသည် နောင်လာမည့် ဆယ်နှစ်အတွင်း ကမ္ဘာ့စိန်ခေါ်မှု အမြင့်မားဆုံးသော ကိစ္စရပ်များအနက် တစ်ခုဖြစ်သည့်ရာသီဥတုဆိုင်ရာအရေးပေါ်အခြေအနေများကို ဖြေရှင်းပေးနိုင်မည့်ကဏ္ဍတစ်ခုအဖြစ် ဖော်ဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အစိမ်းရောင်အသွင်ကူးပြောင်းရေးသည် ကမ္ဘာမြေအတွက်နှင့် ခရီးသွားလုပ်ငန်းအတွက် သာမက ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်၊ ကြံ့ကြံ့ခံနိုင်ရည်ရှိစေရေး တည်ဆောက်ရန်နှင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်တို့တွင် အလွန်လိုအပ်လာပေသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းကဏ္ဍသည် တီထွင်ဆန်းသစ်မှုများနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) ၏ အစိမ်းရောင်ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန်လိုအပ်လာမည် ဖြစ်သည်။




ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ယခုလအတွင်း ကျင်းပပြီးစီးခဲ့သော “Tourism & Green Investments” ရောင်စုံဓာတ်ပုံပြိုင်ပွဲမှ ပြိုင်ပွဲဝင်ဓာတ်ပုံတစ်ပုံ (အပေါ်ပုံ) နှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများ(ယာပုံ)။

## အကျိုးအပြစ် ဒွန်တွဲနေ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ တည်ရှိနေသည့် ယနေ့ခေတ်တွင် ခရီးသွားလုပ်ငန်းသည် အကျိုးအပြစ် ဒွန်တွဲနေသော လမ်းဆုံတွင် တည်ရှိနေသည့် ကဏ္ဍတစ်ခုဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ခရီးသွားလုပ်ငန်း၏တိုးတက်လာမှုသည် ကမ္ဘာ့စီးပွားရေးကို သိသိသာသာ အထောက်အကူပြုခဲ့သည်။ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေသည်ဖြစ်ရာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ဒေသတွင်းစီးပွားရေးကို အားကောင်းစေခြင်း၊ ဒေသဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်ခြင်းစသည့် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်သည်။ ခရီးသွားလုပ်ငန်းကြောင့် ပေါ်ပေါက်လာသည့် ဝင်ငွေအခွင့်အလမ်းများကို ဒေသခံပြည်သူများက ခံစားရနိုင်ခြင်းသည် သိသာထင်ရှားသော အခွင့်အလမ်းကောင်းများအနက် ဥပမာတစ်ခုဖြစ်သည်။

ထိုကဲ့သို့ အကျိုးများပြားလာချိန်တွင် တစ်ဖက်တွင်လည်း ကာဗွန်ထုတ်လွှတ်မှုနှင့် သယံဇာတသုံးစွဲမှုစသည့် ခရီးသွားလုပ်ငန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း လျစ်လျူရှု၍ မရပေ။ ထိလွယ်ရှလွယ် ဂေဟစနစ်စိန်ခေါ်မှုများကြောင့် ခရီးသွားကဏ္ဍအတွက် ရေရှည်တည်တံ့သော ချဉ်းကပ်မှုတစ်ခု လိုအပ်မှုကို ပိုမိုထင်ရှားလာစေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းအတွက်ရေရှည်တည်တံ့ခိုင်မြဲသောတိုးတက်မှုကို အကောင်အထည်ဖော်ရန် စီးပွားရေးအကျိုးအမြတ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများအကြား ချိန်ခွင်လျှာညှိပေးသည့် ဗျူဟာမြောက်ချဉ်းကပ်မှုမှာ အမှန်တကယ် လိုအပ်သည့်အချက် ဖြစ်လာသည်။

> ❍ **ကာဗွန်ထုတ်လွှတ်မှုနှင့် သယံဇာတသုံးစွဲမှုစသည့် ခရီးသွားလုပ်ငန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း လျစ်လျူရှု၍ မရပေ။ ထိလွယ်ရှလွယ် ဂေဟစနစ်စိန်ခေါ်မှုများကြောင့် ခရီးသွားကဏ္ဍအတွက် ရေရှည်တည်တံ့သော ချဉ်းကပ်မှုတစ်ခု လိုအပ်မှုကို ပိုမိုထင်ရှားလာစေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းအတွက် ရေရှည်တည်တံ့ခိုင်မြဲသောတိုးတက်မှုကို အကောင်အထည်ဖော်ရန် စီးပွားရေးအကျိုးအမြတ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများအကြား ချိန်ခွင်လျှာညှိပေးသည့် ဗျူဟာမြောက်ချဉ်းကပ်မှုမှာ အမှန်တကယ်လိုအပ်သည့် အချက် ဖြစ်လာသည်**

## ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး

ယခုအခါ ခရီးသွားလုပ်ငန်း၌ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို လျှော့ချရန်နှင့် အကျိုးကျေးဇူးများ အများဆုံးရရှိရန်၊ ဂေဟစနစ်များကို ထိန်းသိမ်းရန်၊ ဒေသခံလူထုများကို ပံ့ပိုးကူညီရန်နှင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်းကို မြှင့်တင်ရန် နိုင်ငံများက ကြိုးစားလာကြသည်။ ထို့အပြင် ကိုဗစ်-၁၉ ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဆုံးရှုံးမှုများခဲ့သည့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဦးတည်ချက်နှင့် လားရာလမ်းကြောင်းများကို ပြန်လည်ချိန်ညှိပေးမည့် အခွင့်အလမ်းများကိုလည်း အလေးထား စဉ်းစားလာကြသည်။ ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့်အတူ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းရေး၊ ကမ္ဘာ့ဖွံ့ဖြိုးရေး အစီအစဉ်များဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ (Climate Change Activities) နှင့်အညီ ဖြစ်စေရေးတို့ကို ဦးတည်ကာ နိုင်ငံအလိုက် မဟာဗျူဟာများ၊ စီမံချက်များ ချမှတ်ရေးဆွဲလာကြသည်။

ထိုသို့ ရေးဆွဲကြရာတွင် ခရီးသွားကဏ္ဍကို အပြုသဘောဆောင်သော အပြောင်းအလဲဖြစ်ပေါ်စေသည့် နည်းလမ်းတစ်ခုအဖြစ် စိမ်းရောင်စိုဟုတင်စားလိုသည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုအား ထည့်သွင်းစဉ်းစားလာကြသည်။ ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ဟန်ချက်ညီစေရန် ကြိုးပမ်းနေချိန်တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ပေါင်းစပ်ဆောင်ရွက်ခြင်းသည် အားကောင်းသည့် ဖြေရှင်းချက်တစ်ခုအဖြစ် ဖော်ဆောင်လိုက်ခြင်းပင် ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်တို့ကို အလေးပေးလာသည်နှင့်အမျှ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်ကာလတွင် အဓိကမောင်းနှင်အား ဖြစ်လာပေမည်။

## မဏ္ဍိုင်သုံးခုကို အခြေခံ၍

ခရီးသွားလုပ်ငန်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အခွင့်အလမ်းများနှင့် အတွေ့အကြုံများကို ရှာဖွေဖော်ထုတ်ရာတွင် လူမှုရေး၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးတို့ကို ပေါင်းစပ်၍ ဖော်ဆောင်ရန် လိုအပ်သည်ဖြစ်ရာ လူသား (People)၊ ကမ္ဘာမြေ (Planet) နှင့် သာယာဝပြောမှု (Prosperity) ဟူသည့် မဏ္ဍိုင်သုံးခုကို အခြေခံ၍ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် ငွေကြေးဆိုင်ရာ အကျိုးအမြတ်များကို ရရှိစေရုံသာမက ဂေဟစနစ်ထိန်းသိမ်းရေးနှင့် လူမှုဖူလုံရေးတို့ကိုလည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။ ၎င်းမဏ္ဍိုင် သုံးခုကို အခြေခံ၍ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို ဖော်ဆောင်ရာတွင် လူသားများအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကမ္ဘာမြေအတွက် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အစိမ်းရောင်အသွင်ပြောင်းခြင်းနှင့် သာယာဝပြောရေးအတွက် ဆန်းသစ်တီထွင်မှုနည်းပညာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စွန့်ဦးလုပ်ငန်းရှင်များအား ပံ့ပိုးပေးခြင်း စသည်တို့ကို ဦးတည်ဆောင်ရွက်သွားရန် UNWTO က လမ်းညွှန်ထားသည်။ အချုပ်အားဖြင့် ကြည့်လျှင် ကျွမ်းကျင်မှု၊ အခြေခံအဆောက်အအုံနှင့် နည်းပညာတို့တွင် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်သွားရန်ပင် ဖြစ်ပါသည်။

## တန်ဖိုးမြှင့်အလုပ်အကိုင်များ ဖြစ်ပေါ်လာစေရေး

မကြာသေးမီနှစ်များအတွင်း တစ်ကမ္ဘာလုံး ကြုံတွေ့ခဲ့ရသည့် *စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ခရီးသွား လုပ်ငန်းကဏ္ဍတွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်တင်ရန်၊ ခံနိုင်ရည်အားတည်ဆောက်ရန်နှင့် ခရီးသွားလုပ်ငန်း စီးပွားရေး၏ ဖွဲ့စည်းပုံကို ပြန်လည်စဉ်းစားရန် လိုအပ်လာသည်။ UNWTO ၏ ခန့်မှန်း တွက်ချက်မှု အရ တစ်ကမ္ဘာလုံးရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်သားအင်အားအနေဖြင့် ၂၀၂၃ ခုနှစ်မှ စတင်ကာ ၂၀၃၀ ပြည့်နှစ်အထိ နှစ်စဉ်သန်းနှင့် ချီသော ဘာသာရပ်ဆိုင်ရာ ပညာတတ်များ လိုအပ်မည် ဖြစ်ပြီး တစ်နှစ်လျှင် အလုပ်အကိုင် ရှစ်သိန်းခန့် အတွက် ခရီးသွားလာရေးဆိုင်ရာ အသက်မွေးဝမ်း ကျောင်းသင်တန်းများကို ဖော်ဆောင်ရန် လိုအပ် မည်ဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ခရီးသွား လာရေးနှင့်သက်ဆိုင်သည့် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ အပါအဝင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်အားလုံး၏ ပညာရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးနှင့် တန်ဖိုးမြင့်အလုပ်အကိုင်များ ဖြစ်ပေါ်လာစေရေး အတွက် ထည့်သွင်းစဉ်းစား၍ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံအတွက် အကျိုး သက်ရောက်မှုရှိစေသည်။ မသန်စွမ်းပြည်သူများ လည်း ပါဝင်လုပ်ကိုင်နေသည့်အပြင် တိုင်းရင်းသား လူမျိုးစုဒေသများ၌ ဒေသခံတိုင်းရင်းသားများနှင့် လူငယ်များပါ ပါဝင်လုပ်ကိုင်နိုင်ပေသည်။ ခရီးသွား လုပ်ငန်းရှိ လုပ်သားအင်အား၏ ၅၄ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်ကိုလည်း စစ်တမ်းများ အရ တွေ့ရှိရသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံများ၌ ဒေသခံလူငယ်များနှင့် အမျိုးသမီးများအနေဖြင့် ခရီးသွားလာရေးဆိုင်ရာ ပညာသင်ကြားနိုင်ရေး အခွင့်အလမ်း၊ အရင်းအမြစ်များနှင့် လေ့ကျင့် သင်ကြားခွင့် လက်လှမ်းမီမှုနည်းပါးခြင်း၊ စိတ်ပါဝင် စားမှု အားနည်းခြင်းတို့ကို ကြုံတွေ့နေရကြောင်း၊ လက်ရှိပညာရေးနှင့် လေ့ကျင့်ရေးအခွင့်အလမ်း များသည် ဟိုတယ်စီမံခန့်ခွဲမှုအပေါ်တွင်သာ အဓိကထားလျက်ရှိပြီး ကျန်ကဏ္ဍများအတွက် အလေးထားမှုနည်းပါးနေကြောင်း UNWTO ၏ အစီရင်ခံစာများအရ သိရှိရ၍ ၎င်းကဏ္ဍတို့အား ပြုပြင်ပြောင်းလဲမှုတွင် အလေးထားရင်းနှီးမြှုပ်နှံရန် လိုအပ်မည် ဖြစ်ပေသည်။

အခြေခံအဆောက်အအုံပိုင်းအနေဖြင့် ကြည့်လျှင် ကမ္ဘာလုံးဆိုင်ရာ ဟိုတယ်ရင်းနှီးမြှုပ်နှံမှု ပမာဏ သည် တစ်နှစ်ထက်တစ်နှစ် ၁၃၁ ရာခိုင်နှုန်းခန့် တိုးမြင့်လာသည်ဖြစ်ရာ ၂၀၂၁ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ ဘီလီယံ အထိ တိုးလာကြောင်း UNWTO ၏ အစီရင်ခံစာအရ သိရှိရသည်။ ထပ်တိုးတည်ဆောက်လာသည့် ဟိုတယ်အဆောက်အဦများအနေဖြင့် သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် အပြင်အဆင်မျိုး များကို ဦးတည်ဆောင်ရွက်သွားရန်လည်း လိုအပ် လာသည်ကို သတိပြုရပေမည်။ ထို့အပြင် အဆောက် အဦများ၌ ကာဗွန်ဒိုင်အောက်ဆိုက် ရှင်းထုတ်သည့် နည်းလမ်းသစ်များနှင့် နည်းပညာများအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ လုပ်ဆောင်ရန် လိုအပ်လျက် ရှိပြီး ရာသီဥတုဒဏ်ခံနိုင်သော အခြေခံအဆောက် အအုံများအဖြစ် တည်ဆောက်မည့် နည်းလမ်းများ တွင်လည်း ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ် လျက်ရှိပေသည်။

## ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ပေးနိုင်

ခရီးသွားလုပ်ငန်းသည် ဟိုတယ်စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ် ကျေပွန်ရေးကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတား ကဏ္ဍ၊ စည်ပင်သာယာလုပရေးကဏ္ဍ၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ(MSMEs)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေး နိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တန်းတူညီမျှပြီး အားလုံးပါဝင် ဆောင်ရွက်နိုင်ရန် အထောက်အကူ ပြုသည့် လုပ်ငန်းတစ်ခုဟုလည်း ဆိုနိုင်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသများ အတွက်သာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားသောစီးပွားရေး ကဏ္ဍများအပေါ်၌ပါ များပြားလှသော အကျိုး သက်ရောက်မှုရှိစေသည်မှာ အမှန်ပင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကြောင့် ဒေသတွင်းပူးပေါင်းဆောင် ရွက်မှုများ တိုးပွားလာပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများ (PPPs) များ အားကောင်းလာသည် ကိုလည်း သိသာထင်ရှားစွာ တွေ့မြင်ရပေသည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံများ၌ ခရီးသွားလုပ်ငန်း၏ ပံ့ပိုးပေးမှုဖြင့် အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှု ပိုမိုတိုးမြင့်လာစေရန် ရည်ရွယ်၍ ပိုမိုကောင်းမွန် သော အခြေခံအဆောက်အအုံများ၊ ဈေးကွက် ရှာဖွေမြှင့်တင်ရေးကြိုးပမ်းမှုများနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေး ဖြေလျှော့မှုများ ဆောင်ရွက် လာကြသည်။

## ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ

စီးပွားရေးကဏ္ဍအနေဖြင့် ကြည့်လျှင်လည်း ခရီးသွားလုပ်ငန်းသည် စွန့်ဦးလုပ်ငန်းရှင်များနှင့် MSMEs ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်သူများ အတွက် အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေး နိုင်သည့်အပြင် ဆင်းရဲမှုလျှော့ချရေးနှင့် နယ်မြေ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည်။ ခရီးသွားကဏ္ဍ နှင့်ပတ်သက်သော လုပ်ငန်းများ၏ အရေးကြီးဆုံး သော စီးပွားရေးအကျိုးရလဒ်မှု ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဦးစားပေးရည်မှန်းချက် သုံးခုဖြစ်သည့် ဝင်ငွေ၊ အလုပ်အကိုင်နှင့် နိုင်ငံခြားငွေလဲလှယ်မှု ဝင်ငွေများ ကို ပံ့ပိုးပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ခရီးသွား ကဏ္ဍ၏စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ သည် အခြားသော ထုတ်လုပ်မှုကဏ္ဍများအပေါ်တွင် ပါ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် များ အရှိန်အဟုန်ဖြင့် အောင်မြင်စေရန် အထောက် အကူပြုနိုင်သည်မှာ ငြင်းဆို၍ မရပေ။ ကမ္ဘာ့ခရီးသွား လုပ်ငန်းကောင်စီ (World Travel and Tourism Council -WTTC) ၏ အစီရင်ခံစာအရ တစ်ကမ္ဘာလုံး အနေဖြင့် ခရီးသွားလာရေးလုပ်ငန်းသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပြည်တွင်း အသားတင်ထုတ်ကုန် (GDP) ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပြီး ကမ္ဘာ့အလုပ်အကိုင်စုစုပေါင်း၏ ၉ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့် လူပေါင်း ၂၉၅ သန်းနီးပါးကို အလုပ်အကိုင်များ ဖန်တီးပေးခဲ့သည်ဟု တွေ့ရှိရ သည်။ ၎င်းအစီရင်ခံစာအရပင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကျပ်ငွေ ၂၄၄၈ ဘီလီယံ တစ်နည်း အားဖြင့် အသားတင်ပြည်တွင်းထုတ်ကုန် (GDP) ၏ ၂ ဒသမ ၁ ရာခိုင်နှုန်းကို ခရီးသွားကဏ္ဍ၏ တိုက်ရိုက်ပံ့ပိုးပေးနိုင်မှုမှ ရရှိခဲ့ကြောင်း သိရှိရသည်။

ခရီးသွားလုပ်ငန်း၌ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု များ အလေးထားဆောင်ရွက်ခြင်းဖြင့် နိုင်ငံရှိပြည်သူ များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာ ဝပြောရေးကိုပါ အထောက်အကူပြုမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ရေးကို အားပေးကူညီရာလည်း ရောက်ပေသည်။ ထို့အပြင် ပညာရေးနှင့် ကျွမ်းကျင်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံများကဏ္ဍ၊ ဆန်းသစ် တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု ကဏ္ဍတို့တွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသ ဆိုင်ရာ ခရီးသွားစီမံချက်များကို အားကောင်းစေ၍ ခရီးသွားလုပ်ငန်းအား ပြန်လည်ဦးမော့လာစေမည် ဖြစ်သည်။ ထို့အပြင် "ကျွဲကူးရေပါ" ဆိုသလို MSMEs ကဏ္ဍကိုလည်း ပံ့ပိုးပေးနိုင်၍ အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်မည့်အပြင် နိုင်ငံအတွင်း နောင်လာမည့် အနာဂတ်တိုးတက်မှုအတွက် လိုအပ်သောအခြေ အနေများ အကောင်အထည်ဖော်မှုတွင်ပါ တစ်တပ် တစ်အား ဖြစ်စေနိုင်သည့်အတွက် အထောက်အကူ များစွာ ရရှိနိုင်မည်ဖြစ်သည်။

## စိန်ခေါ်မှုများလည်း ဆက်လက်ရှိနေ

အချုပ်အားဖြင့်ဆိုရလျှင် ခရီးသွားလုပ်ငန်း၏ ပိုမိုကောင်းမွန်သောအနာဂတ်သို့ မျှော်မှန်း ဆောင်ရွက်နိုင်ရန်အတွက် အတိတ်တွင်ရှိခဲ့သော အားသာချက်များ၊ အားနည်းချက်များကို အမှန် အတိုင်း သုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။ အခွင့် အလမ်းများ၊ စိန်ခေါ်မှုများကိုလည်း ထည့်သွင်း စဉ်းစားရမည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကိုလည်း သိရှိနားလည် သဘော ပေါက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအခါ နိုင်ငံ များ၌ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွား လုပ်ငန်းအကြား ပေါင်းစပ်ဆောင်ရွက်မှုသည် အလားအလာကောင်းများ ရှိနေသော်လည်း စိန်ခေါ်မှုများလည်း ဆက်လက်ရှိနေပါသည်။ ငွေကြေး မြှုပ်နှံမှု၊ အသိပညာအားပေးနိုင်မှုနှင့် ပြည့်စုံသော စည်းမျဉ်းစည်းကမ်း၊ မူဘောင်များစသည်တို့ လိုအပ် မည်ဖြစ်သည်။ အဆိုပါ အခက်အခဲများကို ကျော်လွှား နိုင်ရန် အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေးလမ်းပြမြေပုံ (၂၀၂၀-၂၀၂၅) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍရှိ MSMEs များကို ပံ့ပိုးပေး ရေး၊ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်စေရေး၊ အခြေအနေသစ်နှင့်ကိုက်ညီသော လုပ်ငန်းကျွမ်းကျင်မှုများနှင့် အသိပညာရပ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ ခေတ်မီဆန်းသစ်သော ခရီးသွား လုပ်ငန်းဂေဟစနစ် (Smart Tourism Ecosystem) နှင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ တည်ဆောက်ရေးတို့ကို မူဝါဒအနေဖြင့် ချမှတ်ထား ပြီးဖြစ်သည်။ ၎င်းမူဝါဒသည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပါဝင်သော **"ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား မည်"** ဟူသည့် လုပ်ငန်းစဉ်အား များစွာအထောက် အကူပြုမည်ဖြစ်ပြီး လက်ရှိနိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသည့် စီးပွားရေး ဦးတည်ချက် တွင် ပါဝင်သော MSMEs များအား အားပေး ဆောင်ရွက်လိုသည့် ဦးတည်ချက်နှင့် ကိုက်ညီသည် ကို တွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းအတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံ နှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးသာမက ငွေကြေး ပံ့ပိုးမှုများ၊ အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု အသိအမှတ် ပြုလက်မှတ်များ၊ စည်းမျဉ်းများနှင့် စံနှုန်းများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းရည် မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ၊ လူထု အသိပညာပေးလှုပ်ရှားမှုများ၊ ဂေဟစနစ် ခရီးသွား လာမှုလုပ်ငန်းစဉ်အတွက် ပံ့ပိုးမှုများ၊ စောင့်ကြည့် ခြင်းနှင့် အစီရင်ခံခြင်းလုပ်ဆောင်မှုများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံတော်၏ မဟာ ဗျူဟာရည်မှန်းချက်များ ပြည့်မီနိုင်မည့်အပြင် ကမ္ဘာ တစ်ဝန်း ဖော်ဆောင်နေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်များကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# ညောင်ဦးမြို့နယ်၌ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါး ၂၈၄ ဧက စိုက်ပျိုးပြီးစီး

**ညောင်ဦး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက် လျှပ်စစ်/ဆိုလာ မြစ်ရေတင်မှ ပေးလွှတ်သော လောကနန္ဒာလျှပ်စစ်မြစ်ရေတင် ရေဖြင့် မိုးစပါး ၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူ များထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ လောကနန္ဒာ လျှပ်စစ်မြစ် ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဇူလိုင်လတွင် စပါးစတင်ပျိုးထောင်ခဲ့ကြောင်း၊ ဩဂုတ်လဆန်းပိုင်း မှစတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်းရွှေ့ပြောင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ကျောက်ကူးလျှပ်စစ် မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် စပါးမျိုးမှာ ရေဝမင်း၊ မနောသုခ၊ ဆင်းသုခ စပါးမျိုးများသာ တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၀ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်းရွှေ့ပြောင်းစိုက်ရ ကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်အထိ ငါးလ ကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများထံမှ သိရသည်။

မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် မိုးစပါးစိုက် တောင်သူများအနေဖြင့် စပါးသီးနှံရိတ်သိမ်းပြီးချိန် အထိ တစ်ဧက စိုက်ပျိုးရေသွင်းစရိတ် ကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါး တစ်သီးစာ ကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံ အတွက် ကျပ် ၃၀၀၀ ပေးသွင်းရကြောင်း၊ မြစ်ရေတင် ဖြင့် စိုက်ပျိုးသည့်စပါးများ အထွက်နှုန်းပိုမိုမှန် ကောင်းမွန်ပြီး ညောင်ဦးမြို့နယ်မှာ မိုးရေရရှိမှု နည်းသဖြင့် မြစ်ရေတင်မှရေဖြင့် စပါးအောင်ရေအထိ ပေးသွင်းရကြောင်း သိရသည်။

ဒီပါလင်း

# ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (MIAC) က ကြီးမှူး၍ ကြားဝင်စေ့စပ် ဖြေရှင်းခြင်းနှင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း သိကောင်း စရာ သင်တန်းအမှတ်စဉ်(၆)ကို စက်တင်ဘာ ၂၃ ရက်က ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်း မြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် MIAC(ဗဟို) ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဦးအဲလ်ဘတ်ဖော်မင်းက အမှာ စကားပြောကြားပြီး အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် ပတ်သက် ၍ အခြေခံသိသင့်သိထိုက်သည် များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ကြီး ဆရာမကြီးများ၊ သင်တန်း သား သင်တန်းသူများက တစ်ဦး ချင်း မိတ်ဆက်စကားပြောကြား ကြပြီး သင်တန်းတာဝန်ခံ ဆရာကြီး ဦးကျူးခေါင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ် ချက်များ၊ နောင်ဆက်လက် ဖွင့်လှစ်သွားမည့် သင်တန်းများ နှင့် အခြေခံသင်ကြားရမည့် ဘာသာရပ်များ အကြောင်း ရှင်းလင်းဆွေးနွေးသည်။

သင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ အပတ်စဉ် စနေနေ့ တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆရာ ဆရာမကြီး ၁၀ ဦးက အလှည့်ကျသင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရ သည်။ **မောင်မောင်(လျှပ်စစ်)**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် Theatre ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မန်းဖြိုး၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဌာနမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး၊ တပ်မတော် ဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တက်ရောက်လာကြသူများက မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကြသည်။

အကြိမ် (၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကို The Power of Mentoring in Medical Education: Supporting Student With Effective Mentoring Practice ခေါင်းစဉ်ဖြင့် ဆေးပညာသင်ကြားရေးဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခများနှင့် ဌာနမှူးတို့က ဦးဆောင်ဆွေးနွေးပြီး သင်တန်းသားများက Group work များ ပြုလုပ်၍ Group အလိုက် Presentation များ ပြုလုပ်တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲရှုံးထွက်အဆင့်တွင် မြန်မာနှင့်ဂျပန်အသင်း တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စက်တင်ဘာ ၂၅ ရက်က ပြီးဆုံးခဲ့ပြီး မြန်မာအသင်းသည် ရှုံးထွက်အဆင့်တွင် နာမည်ကြီး ဂျပန်အသင်းနှင့် ဆုံတွေ့ခဲ့သည်။



အုပ်စုနောက်ဆုံးနေ့ ပွဲစဉ်များကို စက်တင်ဘာ ၂၄၊ ၂၅ ရက်တွင်ကျင်းပခဲ့ပြီး အုပ်စု (C) တွင် နှစ်သင်း၊ အုပ်စု (D) တွင် သုံးသင်းပါဝင်ကာ ကျန်လေးအုပ်စုတွင် လေးသင်းစီ ပါဝင်ခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A) ၌ အိမ်ရှင်တရုတ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အိန္ဒိယအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) ၌ အီရန်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ဆော်ဒီအာရေဗျအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (C) ၌ ဥဇဘက်ကစ္စတန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဟောင်ကောင်အသင်းက ရမှတ်မရရှိဘဲ အုပ်စုဒုတိယ၊ အုပ်စု (D) ၌ ဂျပန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ပါလက်စတိုင်းအသင်းက တစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (E) ၌ တောင်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက နှစ်မှတ်ဖြင့် ဒုတိယ၊ အုပ်စု (F) ၌ မြောက်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ကာဂျစ္စတန်အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ အုပ်စု (C) တွင် နှစ်သင်းသာ ကျန်ရှိသဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားပြီး အုပ်စုပထမနေရာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးအုပ်စု တတိယနေရာလေးသင်းတွင် အုပ်စု (F) မှ အင်ဒိုနီးရှားအသင်း၊ အုပ်စု (D) မှ ကာတာအသင်း၊ အုပ်စု (E) မှ ထိုင်းအသင်းနှင့် အုပ်စု (A) မှ မြန်မာအသင်းတို့ရရှိပြီး ရှုံးထွက်အဆင့် တက်ရောက်ခဲ့သည်။

ရှုံးထွက်အဆင့်တွင် အိမ်ရှင်တရုတ်နှင့် ကာတာ၊ တောင်ကိုရီးယားနှင့် ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ဆော်ဒီအာရေဗျ၊ အီရန်နှင့် ထိုင်း၊ ဟောင်ကောင်နှင့် ပါလက်စတိုင်း၊ ဂျပန်နှင့် မြန်မာ၊ မြောက်ကိုရီးယားနှင့် ဘာရိန်းအသင်းတို့ တွေ့ဆုံနေသည်။ မြန်မာအသင်းနှင့် ဂျပန်အသင်းသည် စက်တင်ဘာ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

## အာရှအားကစားပြိုင်ပွဲ ဝူရှူးဒုတိယနေ့ စွမ်းရည်ထက်နိုင် ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာဝူရှူးအားကစားသမား စွမ်းရည်ထက်နိုင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမား စွမ်းရည်ထက်နိုင်သည် အမျိုးသား ထိုက်ချီချွမ် + ထိုက်ချီကျန့် ပြိုင်ပွဲနှစ်ခုပေါင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့် ၁၇ နေရာသာရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်ကစားသမား ကောင်းဟိုင်နန်က ၁၉ ဒသမ ၆၆၆ မှတ်ဖြင့် ရွှေတံဆိပ်၊ ဟောင်ကောင်ကစားသမား ဟူတောက်ယန်က ၁၉ ဒသမ ၄၉၃ မှတ်ဖြင့် ငွေတံဆိပ်၊ ဖိလစ်ပိုင်ကစားသမား လီဆိုဂျူန်းက ၁၉ ဒသမ ၄၈၆ မှတ်ဖြင့် ကြေးတံဆိပ် ရရှိသည်။

စွမ်းရည်ထက်နိုင်သည် ထိုက်ချီချွမ်ပြိုင်ပွဲတွင် ၉ ဒသမ ၄၁၀ မှတ်၊ ထိုက်ချီကျန့်ပြိုင်ပွဲတွင် ၉ ဒသမ ၀၅၀ မှတ်ဖြင့် ပြိုင်ပွဲနှစ်ခုပေါင်းတွင် ၁၈ ဒသမ ၄၆၀ မှတ် ရရှိခဲ့သည်။

စက်တင်ဘာ ၂၆ ရက် **(ယနေ့)** တွင် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် အေးသစ္စာမြင့် ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

▼ *ကျောဖုံးမှ*

နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၆၉ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို လူစားဝင်ကစားသမား မြတ်နိုးခင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟောင်ကောင်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စု (E) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် တောင်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီ ရရှိထားကာ ဟောင်ကောင်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## ရှက်ဖီးလ်ကို မတူညီသည့် ကစားသမားရှစ်ဦး၏ သွင်းဂိုးရှစ်ဂိုးဖြင့် နယူးကာဆယ် စံချိန်တင်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၆) မှ စက်တင်ဘာ ၂၄ ရက် ည ၁၀ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ရှက်ဖီးလ်နှင့် နယူးကာဆယ်အသင်း ပွဲစဉ်တွင် နယူးကာဆယ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ရှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။



နယူးကာဆယ်တိုက်စစ်မှူး ဝီလ်ဆင် ဂိုးသွင်းပြီးနောက် အောင်ပွဲခံစဉ်။

နည်းပြ အက်ဒီဟောင်း၏ နယူးကာဆယ် အသင်းသည် အသင်း သမိုင်းတစ်လျှောက် ဂိုးအပြတ်ဆုံး အဝေးကွင်းနိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး အသင်း၏ပရီမီယာလိဂ်ဂိုးအပြတ်ဆုံးနိုင်ပွဲကို လိုက်မီခဲ့သည်။

နယူးကာဆယ်အသင်း ရရှိခဲ့သော သွင်းဂိုးရှစ်ဂိုးမှာ လောင်းစတက်ဖ်၊ ဘန်း၊ ဘုဉ်မန်း၊ ဝီလ်ဆင်၊ ဂေါ်ဒွန်၊ အယ်မီရွန်၊ ဂူမာရေးစ်၊ အီဆက်စသော မတူညီသည့် ကစားသမားရှစ်ဦးက သွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် ၂၀၁၉ ခုနှစ်တွင် လက်စတာအသင်းက ဆောက်သမ်တန်အသင်းကို ကိုးဂိုးပြတ်အနိုင်ရရှိခဲ့သော စံချိန်တင်အဝေးကွင်းနိုင်ပွဲကိုလိုက်မီရန် တစ်ဂိုးသာလိုအပ်ခဲ့သည်။

ရှက်ဖီးလ် အသင်းသည် အသင်း၏ ၄၉၈၈ မြောက်ပွဲတွင် လိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးပြတ်ရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ရှက်ဖီးလ်အသင်းသည် ပရီမီယာလိဂ်တွင် ခြောက်ပွဲကစားပြီး နိုင်ပွဲ မရရှိသေးဘဲ ရမှတ်တစ်မှတ်သာ ရရှိထားသေးသည်။ ပြိုင်ဘက် နယူးကာဆယ်အသင်းက ခြောက်ပွဲကစားပြီး သုံးပွဲနိုင် ရလဒ်ရရှိထားသည်။

**အောင်ဇော်**

✳ *ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းသည် ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အသင်းကို အကောင်းဆုံးပြင်ဆင်လာခဲ့သော်လည်း အသင်းကစားသမားများအနေဖြင့် ရရှိလာသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သည့်အတွက် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထို့အပြင် ရီးရဲမက်ဒရစ်အသင်း ယခုပွဲရှုံးနိမ့်မှုကြောင့် ယခုနှစ်ရာသီလာလီဂါပြိုင်ပွဲ၌ ရာနှုန်းပြည့်နိုင်ပွဲရရှိမှုစံချိန်လည်း ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် ခြေစွမ်းပြသကာ ပြိုင်ပွဲစုံခြောက်ပွဲတွင် ခြောက်ဂိုးအထိ သွင်းယူထားနိုင်သော်လည်း ယခုပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခြင်း မရှိချေ။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို မိုရာတာနှင့် ဂရစ်ဇ်မန်းတို့က သွင်းယူပေးပြီး ရီးရဲမက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ခရူးစ်က သွင်းယူပေးခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ငါးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ရရှိထားကာ ပြိုင်ဘက်ရီးရဲမက်ဒရစ်အသင်းက ခြောက်ပွဲကစားကာ ငါးပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

**အောင်ဇော်**

# နိုင်ဂျာမှ ပြင်သစ်တပ်ဖွဲ့ဝင်များကို ယခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဟု ပြင်သစ်သမ္မတ မက်ခရွန် ပြောကြား



**ပါရီ စက်တင်ဘာ ၂၅**

**အနောက်အာဖရိကနိုင်ငံ နိုင်ဂျာမှ ပြင်သစ်တပ်ဖွဲ့ဝင်များကို ယခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောကြားလိုက်သည်။**

နိုင်ဂျာတွင် ဇူလိုင်လကဖြစ်ပွားခဲ့သည့်တပ်မတော်က အာဏာသိမ်းမှုအပြီး သမ္မတ မိုဟာမက် ဘာဇွမ်ကို ဖြုတ်ချကာ အစိုးရအဖွဲ့ဖြစ်ပေါ်လာခဲ့ပြီးနောက် ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်။ ပြင်သစ်သည် နိုင်ဂျာ၏ ကိုလိုနီနိုင်ငံဟောင်းဖြစ်ပြီး ၎င်း၏တပ်များကို ထိုနေရာတွင် ဆက်လက်ချထားခဲ့သည်။ သို့သော်လည်း အနောက်အာဖရိကနိုင်ငံများက ပြင်သစ်နိုင်ငံအပေါ် ဆန့်ကျင်မှုများ တိုးလာခဲ့သည်။

သမ္မတ မက်ခရွန်က ပြင်သစ်နိုင်ငံအနေဖြင့် နိုင်ဂျာနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့သည်ဟု ပြင်သစ်ရုပ်သံဌာနများနှင့် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။ နိုင်ဂျာတွင် ပြင်သစ်အမှုထမ်းပေါင်း ၁၅၀၀ ခန့်ရှိပြီး ယခုနှစ်ကုန်တွင် ပြင်သစ်တပ်များ အိမ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ ဩဂုတ်လတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈၈ သန်းရှိ

**ဗီယင်ကျန်း စက်တင်ဘာ ၂၅**

လာအိုနိုင်ငံသည် ယခုနှစ် ဩဂုတ်လတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈၈ သန်းရှိကြောင်း လာအိုကုန်သွယ်ရေးပေါ်တယ် ဝက်ဘ်ဆိုက်၏ နောက်ဆုံးကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ဩဂုတ်လတွင် ကုန်သွယ်မှုစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၉၈၀ ရှိပြီး ၄၄၆ သန်းမှာ တင်ပို့ကုန်တန်ဖိုးဖြစ်ကာ ကျန် ၅၃၄ သန်းတန်ဖိုးမှာ တင်သွင်းကုန်တန်ဖိုးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်မှ သောကြာနေ့က နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

လာအိုနိုင်ငံ၏ အဓိက တင်ပို့ကုန်များတွင် စက္ကူထုတ်ကုန်များ၊ ကြေးနီသတ္တုရိုင်း၊ သကြား၊ ရော်ဘာ၊ သစ်သားပျော့ဖတ်၊ အဝတ်အထည်၊ ငှက်ပျော စသည်တို့ပါဝင်သည်။ နိုင်ငံ၏ အဓိက တင်သွင်းကုန်များတွင် စက်သုံးဆီ၊ စက်ပစ္စည်းများ၊ သံမဏိနှင့် သံမဏိထုတ်ကုန်များ၊ အပိုပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ် ထုတ်ကုန်များ၊ အဖျော်ယမကာ စသည်တို့ပါဝင်သည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံ၏ ထိပ်တန်းပို့ကုန်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး ၎င်းနောက်တွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ရှိနေသည်။ ထို့ပြင် လာအိုနိုင်ငံအတွက် အဓိကတင်သွင်းကုန်နိုင်ငံများတွင် ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

လာအိုနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ယခုနှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သော ဇူလိုင်လတွင် ၁၆၆ သန်းမှ ဩဂုတ်လတွင် ၇၈ သန်း ကျဆင်းခဲ့သည်။ ဇူလိုင်လတွင် ကုန်သွယ်မှုစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိပြီး ၄၂၉ သန်းမှာ တင်ပို့ကုန်တန်ဖိုးဖြစ်ကာ ကျန် ၅၉၅ သန်းမှာ တင်သွင်းကုန်တန်ဖိုးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ပိုလီယိုတိုက်ဖျက်ရေး လှုပ်ရှားမှုစတင်

**ကဘူးလ် စက်တင်ဘာ ၂၅**

အာဖဂန်နစ္စတန် ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနသည် စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံတစ်ဝန်း ပိုလီယိုတိုက်ဖျက်ရေးလှုပ်ရှားမှု စတင်ခဲ့ကြောင်း သိရသည်။

ကလေးသူငယ်များအကြား အဖြစ်များသော ပိုလီယိုရောဂါကို အမြစ်ပြတ်ရေး ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် လေးရက်ကြာ အဆိုပါ ပိုလီယိုတိုက်ဖျက်ရေး လှုပ်ရှားမှုမှ အသက်ငါးနှစ်အောက် ကလေးငယ် ၁၁ သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ ငါးဦးတွေ့ရှိပြီးနောက် အဆိုပါလှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦးသာ ရှိသည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါဖြစ်ပွားနေသော နိုင်ငံနှစ်နိုင်ငံသာလျှင် ကျန်ရှိတော့ပြီး ၎င်းတို့မှာ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြောင်း ပြောသည်။

**ဆင်ဟွာ**




## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၉၀၀ ကျော်ရှိလာ

**ဒါကာ စက်တင်ဘာ ၂၅**

ယခုနှစ်အတွင်း လက်ရှိအချိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၇၇၂၅ ဦးနှင့် သေဆုံးသူပေါင်း ၉၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၄ ရက်တွင် ကျန်းမာရေးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုများဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်)က ထုတ်ပြန်သော အချက်အလက်များအရ အဆိုပါရောဂါကြောင့် သေဆုံးသူမှာ စက်တင်ဘာလတွင် ၃၁၆ ဦး၊ ဩဂုတ်လတွင် ၃၄၂ ဦးနှင့် ဇူလိုင်လတွင် ၂၀၄ ဦး အပါအဝင် စုစုပေါင်းသေဆုံးသူ ၉၀၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူများမှာ စက်တင်ဘာလတွင် ၆၃၉၁၇ ဦး၊ ဩဂုတ်လတွင် ၇၁၉၇၆ ဦးနှင့် ဇူလိုင်လတွင် ၄၃၈၅၄ ဦးရှိကြောင်း ဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ နောက်ဆုံး ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၆ ဦးနှင့် ထပ်မံကူးစက်ခံရသူ ၃၀၀၈ ဦးရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေး ရောဂါကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသူပေါင်းမှာ လက်ရှိအချိန်အထိ ၁၇၆၃၄၆ ဦး ရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။

**ဆင်ဟွာ**

## ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် ၂၀၂၄ ဘတ်ဂျက်တွင် သီရိလင်္ကာက အခွန်နှုန်းလျှော့ချမည်

**ကိုလံဘို စက်တင်ဘာ ၂၅**

သီရိလင်္ကာအစိုးရသည် သတင်းအချက်အလက် နည်းပညာနှင့် မော်တော်ယာဉ်တပ်ဆင်ရေးတွင် အကြီးစား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်အတွက် ၂၀၂၄ ဘတ်ဂျက်တွင် အထူးအခွန်များ နှုန်းထားနှင့် လိုက်လျောမှုများကို အဆိုတင်သွင်းမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက စက်တင်ဘာ ၂၅ ရက်တွင် ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ပြည်နယ်ဝန်ကြီး ဒီလွန်း အမူနုဂါမာက အစိုးရအနေဖြင့် အိုင်တီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် နှစ်နှစ်မှ ငါးနှစ်အထိ အခွန်လျှော့ချခြင်းအပါအဝင် မဟာဗျူဟာမြောက် အခွန်မူဝါဒကို မိတ်ဆက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းအဆိုပြုချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာနက ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အစီအစဉ်များဖြင့် ရင်းနှီးမြှုပ်နှံသူများကို သီရိလင်္ကာ၌ အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံရန် တွန်းအားပေး ဆွဲဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

စီးပွားရေး အကျပ်အတည်း ဖြစ်နေသော်လည်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် ၂၀၂၂ ခုနှစ်အတွက် ရည်မှန်းထားသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးဒေါ်လာ တစ်ဘီလီယံထက်ပိုမိုပြီး ၁ ဒသမ ၇၅ ဘီလီယံအထိ ဆွဲဆောင်နိုင်ခဲ့သည်။ ယခုနှစ်အတွက် လျာထားချက်မှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖြစ်ကြောင်း အမူနုဂါမာက ဇူလိုင်လအတွင်း ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကသာခရိုင်၌ အနည်းငယ်မြင့်တက်နေ



စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များအနက် မုံရွာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ် ကျဆင်းနေပြီး ကသာခရိုင်၌ စပါး/ဆန် ဈေးနှုန်း အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စက်တင်ဘာလ(တတိယ)ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နှံစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံစပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နှံစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညှော်မထ (စပါး) တင်း၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ညှော်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ကျပ် ၁၁၀၀၀၀၊ ငစိန်(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၁၀၀၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှံစပါး (ဒေသမျိုး) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ နှံစပါး (ဒေသမျိုး) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်မှ မှော်ဘီ (၂) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ မှော်ဘီ (၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဆင်းကေရီ(၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၁၅၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၄၅၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှံစပါး (ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နှံစပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့၌ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၁၉၀၀၀၀၀၊ မနောသုခ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့၌ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၄၀၀၀၊ နှံစပါး ရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်း၌ စက်တင်ဘာလ ၂၀ ရက်မှ ၂၄ ရက်အတွင်း ပို့ကုန်တင်ပို့မှု ငါးကြိတ်သား တစ်တန်လျှင် ၁၈၂၀ ဒေါ်လာနှုန်းဖြင့် ၇ ဒသမ ၂ တန်၊ မုတ်ခွံ တစ်တန်လျှင် ၁၇၀၀ ဒေါ်လာနှုန်းဖြင့် ၆၃ ဒသမ ၁၄၀ တန်အား အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းဖြင့် မောတောင်ကုန်သွယ်ရေးစခန်း မှတစ်ဆင့် ပရာကျွတ်ကရီခမ်ခရိုင်သို့ တင်ပို့နိုင်ခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ငွေကျပ် ၃၀၀၀ နှင့် ဒီဇယ် တစ်လီတာ ၃၀၄၅ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ မြိတ်ဒေသ၌ ကျပ်/ဘတ် ငွေလဲနှုန်းမှာ ၁ ဘတ်လျှင် ၉၀ ကျပ် ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOT မြိတ်**

## လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၂၁၂ ဒသမ ၂၅ တန်နှင့် ပြောင်း ၉၄၀ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန် တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ၃၁၀ ဒေါ်လာနှင့် ကြိမ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်း တစ်တန် လျှင် ၆၆၀ ဒေါ်လာ၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် ရော်ဘာ တစ်တန်လျှင် ၁၃၀၀ ဒေါ်လာရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် တာယာ ၂၈၀ ခု၊ ပိတ်လိပ် ၁၀၄ ဒသမ ၆၅ တန်၊ ပီနံအိတ် ၇၈ ဒသမ ၀၀ တန်၊ ချည် ၃၃ ဒသမ ၅၀ တန်၊ ပလတ်စတစ်လိပ် ၃၆ ဒသမ ၀၀ တန်၊ ပတ္တာကြိုး ၁၄ ဒသမ ၉၄ တန်၊ ပိုက် ၇ ဒသမ ၁၀ တန်နှင့် ကုန်စုံ ၁၆၃ ဒသမ ၀၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် သဘာဝမြေသြဇာ တစ်တန် လျှင် ၂၅၀ ဒေါ်လာ၊ ကွန်ပေါင်းဓာတ်မြေသြဇာ တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ် တစ်တန်လျှင် ၈၀၀ ဒေါ်လာနှင့် မြက်ခင်းတု တစ်တန်လျှင် ၆၃၀ ဒေါ်လာရှိကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် စက်တင်ဘာ ၂၄ ရက်က ၁ ယွမ်လျှင် ၄၆၀ ကျပ်ဖြစ်ကြောင်း သိရသည်။

### ၂၅.၉.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရေနံခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၂၀၀ | | ၁၂၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၂၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၉၀၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၄၀၀ | ၁၈၅၀၀ | ၄၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၅၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၅၆၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၉၇၀၀ | ၉၂၀၀ | ၅၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၃၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၁၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၄၅၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၈၆၀၀ | ၃၅၀၀ | ၂၅၀၀ | ၄၂၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၁၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၂၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၄၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၁၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၆၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၆၀၀ | ၈၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မော်လမြိုင်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၄၀၀၊ ဘားအံတွင် ငွေကျပ် ၂၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်၊ ပခုက္ကူနှင့် မကွေးတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူနှင့် မကွေးတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်၊ ပခုက္ကူနှင့် မကွေးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ညှော်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံနှင့် မော်လမြိုင်တွင် ငွေကျပ် ၁၀၀၊ မန္တလေးတွင် ငွေကျပ် ၅၅၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ရေနံခြောက် တစ်ပိဿာလျှင် ဘားအံနှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ မြိတ်နှင့် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၊ မြိတ်နှင့် မန္တလေးတွင် ငွေကျပ် ၁၀၀၊ မကွေးတွင် ငွေကျပ် ၄၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၅၀၀၊ ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ စစ်တွေတွင် ငွေကျပ် ၂၀၀၊ ဆား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၂၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် ဘားအံနှင့် မြိတ်တွင် ငွေကျပ် ၁၀၀၊ ရန်ကုန်တွင် ငွေကျပ် ၃၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ သကြား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀၊ ရန်ကုန်၊ မကွေး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၄၀၀၀၊ အမဲသား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၂၀၀၀၊ နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၂၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အင္ဂါပုံစံစွယ်တော်တိုက်စေတီနှင့် မြန်မာမီဒီယာအဖွဲ့

မြင့်မောင်စိုး

**မြတ်ဗုဒ္ဓရဲ့ စွယ်တော်မြတ်အစစ်ကို ဖူးမြော်ခွင့်ရတော့မှာဖြစ်လို့ ကျွန်တော်တို့အားလုံးရဲ့ရင်ထဲမှာ ပီတိသောမနဿဝေဒနာကို ခံစားနေကြရတာ အမှန်ပင်ဖြစ်ပါတယ်။ စွယ်တော်တိုက်ရဲ့အခြေအနေ၊ ပုံစံအနေအထား၊ တည်ထားကိုးကွယ်ပုံ၊ သမိုင်းကြောင်း စတဲ့ အကြောင်းအရာမျိုးစုံက စိတ်အစဉ်ကို လွှမ်းမိုးလို့နေပါတယ်။ ကြည်ညိုသဒ္ဓါစိတ်၊ လေ့လာစူးစမ်းလိုစိတ်၊ သိလိုမြင်လိုစိတ်တွေကလည်း တစ်ခုပြီးတစ်ခုဖြစ်ပေါ်နေပါတယ်။ ကမ္ဘာမှာ ပွင့်တော်မူပြီးတဲ့ ဂေါတမဘုရားရှင်ရဲ့ စွယ်တော်လေးဆူအနက် တစ်ဆူဖြစ်နေတာကြောင့်လည်း ဖူးမြော်ခွင့်ရချင်နေကြတာပါ။**

### စွယ်တော်တိုက်စေတီသို့

တကယ်တော့ ဒီနေရာဟာ တရုတ်နိုင်ငံ ပေကျင်းမြို့ရဲ့အနောက်ဘက် တောင်ကုန်းတစ်ခုမှာ တည်ရှိနေပါတယ်။ ပေကျင်းမြို့ကို အပေါ်စီးက တွေ့မြင်နိုင်ပါတယ်။ ဒီတောင်ကုန်းမှာရှိတဲ့ အထပ် ၁၃ ခုရှိ အင္ဂါပုံစံစွယ်တော်တိုက်စေတီကို ဒေသခံတွေက လင်ကွမ်းဘုရားကျောင်းလို့ ဆိုပါတယ်။ တချို့ကလည်း ကျုံးရှင်းစေတီတော်လို့ ဆိုကြပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့စိတ်ထဲမှာတော့ ဗုဒ္ဓစွယ်တော်တိုက်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့မီဒီယာအဖွဲ့ စွယ်တော်တိုက် တည်ထားကိုးကွယ်ရာ တောင်ခြေရောက်တော့ ရာသီဥတုက သာသောင့်သာယာ။ မပူလွန်း မအေးလွန်း။ ဂေါယာကျွန်းသို့ ယွန်းတော့မယ့် သူရိယနေမင်းက စေတီတော်ပရိဝုဏ်တစ်ခုလုံးကို ရွှေရောင်များ ဖျန်းပက်ထားသည့်နှယ်။

စေတီတော် တောင်ခြေရင်းကို ရောက်တယ်ဆိုရင်ပဲ ကျွန်တော်တို့အဖွဲ့ကို ဦးဆောင်သွားသူက ဘုရားဂေါပကလူကြီးတွေနဲ့အတူ တရုတ်သံရုံးက သံတမန်လည်းဟုတ် စကားပြန်လည်းလုပ်တဲ့ မသဇင်ဖွေး။ သွက်လက်ချက်ချာတဲ့ သူ့ရဲ့ ဦးဆောင်မှုနဲ့အတူ စွယ်တော်တိုက်တည်ရှိရာ တောင်ကုန်းဆီကို ဦးတည်တက်ခဲ့ကြပါတယ်။

တွေ့ရပါပြီ။ အင္ဂါစွယ်တော်တိုက်စေတီ။ ရှေးတရုတ်ဘုံကျောင်းဆန်ဆန် အင္ဂါပုံစံ ထောင့်ချိုးတွေနဲ့ အထပ် ၁၃ ထပ်ရှိတဲ့ စေတီရဲ့အထွတ်မှာတော့ ရွှေရောင်တောက်နေတဲ့ စေတီငယ်လေးကို တွေ့ရပါတယ်။ စေတီရဲ့ ရင်ပြင်မှာတော့ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူကြသူတွေ၊ အမွှေးနံ့သာပူဇော်ကြသူတွေ၊ ဝတ်ပြုဆုတောင်းကြသူတွေ၊ အမှတ်တရ ဓာတ်ပုံရိုက်ကြသူတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

စေတီအတွင်းမှာရှိတဲ့ စွယ်တော်ကိုတော့ လူတိုင်းဖူးခွင့်ရပုံမပေါ်ပါဘူး။ အထူးဧည့်သည်တွေနဲ့ နေ့ကြီးရက်ကြီးအခါလောက်သာ ဖူးခွင့်ရရှိကြတယ်လို့ သိရပါတယ်။ စွယ်တော်တိုက်အတွင်း ဝင်ရောက်ရာမှာလည်း အလွန်စနစ်ကျပါတယ်။ လူတစ်ယောက်ချင်းစီ တန်းစီဝင်ရပါတယ်။ ခြေထောက်တွေကိုဝတ်ဆင်ဖို့ အစွပ်တွေပေးပါတယ်။ ဖိနပ်ချွတ်စရာမလိုပါ။ ပေးတဲ့အစွပ်ကို ဖိနပ်ပါရောစွပ်ပြီး တန်းစီတက်သွားရပါတယ်။ အထဲရောက်တော့ အနက်ရောင်ဝတ်ဆင်ထားတဲ့ ဘုရားအစောင့်အကြပ်တွေက လူတိုင်းကို စောင့်ကြည့်နေတာဖြစ်ပါတယ်။ အထဲမှာ ဓာတ်ပုံရိုက်ခွင့် လုံးဝမပေးပါဘူး။



ပြိုကျသွားသော စွယ်တော်တိုက်စေတီကို တွေ့ရစဉ်။

### စေတီတော်တည်ထားကိုးကွယ်မှုသမိုင်း

ကြေးဆင်းတုတော် ဘုရားသုံးဆူရှေ့မှာ စွယ်တော်ဖန်ကြုတ်ကို ဖူးတွေ့ရပါတယ်။ စွယ်တော်ကြုတ်ရဲ့ရှေ့မှာတော့ သစ်သီးမျိုးစုံကို ဆက်ကပ်ထားတာ တွေ့ရပါတယ်။ ဒူးတုပ်ရှိခိုးရတာဖြစ်လို့ ဘုရားဖူးတဲ့သူတွေ ရှိခိုးနိုင်အောင် ဖော့တုံးတွေချထားတာတွေ့ရပါတယ်။ အဲဒီဖော့တုံးပေါ်ကို ဒူးထောက်ချလိုက်ပြီး ရှိခိုးရတာဖြစ်ပါတယ်။ ရှိခိုးပြီးတာနဲ့ ထွက်ပေါက်ကနေ အောက်ကိုဆင်းရပါတယ်။ အဆင်းအပေါက်မှာ သဒ္ဓါတတ်အားသရွေ့ လှူဒါန်းနိုင်ဖို့ အလှူခံဌာနကိုလည်း ဖွင့်လှစ်ထားတာ တွေ့ရပါတယ်။ စွယ်တော်တိုက်စေတီအတွင်း ဝင်ရောက်ဖူးမြော်ပြီးနောက် ဂေါပကတာဝန်ရှိသူတွေက စေတီတော်တည်ထားကိုးကွယ်မှုသမိုင်း အချို့ကို ရှင်းပြပါတယ်။

“ဒီစေတီဟာ တရုတ်ဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်းက အခမ်းအနားနဲ့ ဖွင့်လှစ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ်မှာ တည်ဆောက်ပြီး ၁၉၆၁ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ စေတီတော်ထဲမှာ ရွှေအစစ်နဲ့တည်ဆောက်တဲ့ စေတီကတော့ အင်ပါယာချန်းလုံရဲ့ မွေးနေ့လက်ဆောင်ဖြစ်ပါတယ်။ ဒီစွယ်တော်ဟာ ၁၉၅၅ ခုနှစ်မှာ မြန်မာနိုင်ငံကို ကြွဖူးပါတယ်။ အခုစေတီအထဲမှာ မြတ်ဗုဒ္ဓရဲ့ စွယ်တော်ရှိပါတယ်။ တစ်ကမ္ဘာလုံးမှာ စွယ်တော်စစ်နှစ်ဆူပဲရှိပါတယ်။ တစ်ဆူက သီရိလင်္ကာနိုင်ငံမှာရှိပါတယ်။ နောက်တစ်ဆူက ဒီမှာရှိပါတယ်။ ဒီစွယ်တော်ကိုတော့ တရုတ်ရှေးခေတ် ဘုရားသားတော်တစ်ပါးက အိန္ဒိယနိုင်ငံမှာ ရှာတွေ့ပြီး ပင့်ဆောင်လာခဲ့တယ်”လို့ ဂေါပကတာဝန်ရှိသူတွေက ဆိုပါတယ်။

စေတီတော် ဂေါပကတာဝန်ရှိသူတွေရဲ့ ပြောပြချက်အရ လက်ရှိစွယ်တော်တိုက်စေတီဟာ ဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်းလက်ထက်မှာ တည်ဆောက်ခဲ့တာဖြစ်ပြီး ဒီမတိုင်မီက လက်ရှိစေတီအနီး စေတီတော်ဟောင်းထဲမှာ စွယ်တော်ကို ဌာပနာထားခဲ့တာလို့ ဆိုပါတယ်။ အဲဒီစေတီတော်ဟာ မဟာမိတ်ရှစ်နိုင်ငံက တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်လို့ ဗုံးကြဲခံရပြီး ပြိုကျပျက်စီးခဲ့တာ ဘုရားအောက်ခြေပလ္လင်လောက်သာ ကျန်ပါတော့တယ်။ မြတ်စွာဘုရားရဲ့ စွယ်တော်ကို ဗုံးဒဏ်ကြောင့်ပြိုကျသွားတဲ့ ကျုံးရှင်းစေတီတော်ရဲ့ ဌာပနာတိုက်ထဲက တွေ့ခဲ့တာလို့ ဆိုပါတယ်။

စေတီတော်ရဲ့ သမိုင်းကြောင်းနဲ့ပတ်သက်လို့ အဝင်မုခ်ဦးအနီး ဆိုင်းဘုတ်တစ်ခုမှာလည်း အခုလို ရေးသားမှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

“ထန်(Tang ) မင်းဆက် ၇၇၆-၇၇၉ တွင် Longquan Temple ဟူသောအမည်ကို စတင်တည်ဆောက်ခဲ့ကြောင်း၊ ယင်းမှ Lingguang အမည်ဖြင့် ဘုရားကျောင်းအား ပြန်လည်မွမ်းမံခဲ့ကြောင်း၊ Jin Ding မင်းဆက်အုပ်ချုပ်မှု ဒုတိယနှစ်တွင် Mount Ming Jue Temple ဟု အမည်ပြောင်းလဲခဲ့ကြောင်း၊ Ming မင်းဆက် ၁၄၂၈ ခုနှစ်နှင့် Cheng Hua နန်းစံ ဆယ့်လေးနှစ် ၁၄၇၈ ခုနှစ်တွင် Xuan De ၏ နန်းစံသုံးနှစ်၊ နှစ်ခုစလုံးတွင် ၎င်းကို ထပ်ခါတလဲလဲ ပြုပြင်မွမ်းမံခဲ့ကြောင်း သမိုင်းက ဆိုသည်။ မဟာမိတ်ရှစ်နိုင်ငံက အမြောက်များနှင့် ဗုံးများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဘုရားကျောင်းကို တရုတ်သမ္မတနိုင်ငံခေတ် ဆယ်နှစ်သက်တမ်းတွင် ပြန်လည်ပြုပြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် ဇွန်လအထိ ကြီးကျယ်ခမ်းနားသော အနုမောဒနာပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ပြိုကျပျက်စီးခဲ့သော မဟာဗောဓိနေရာတွင် အံတော်ခံစေတီတော် ပေါ်ပေါက်ခဲ့သည်”

ပြိုကျသွားခဲ့တဲ့ စေတီတော်နေရာမှာ ယနေ့တိုင်ရှိနေတာကတော့ ဘုရားအောက်ခြေပိုင်းဖြစ်ပါတယ်။ အဲဒီအောက်ခြေပိုင်းနေရာကိုပဲ သံဆန်ခါနဲ့ ခတ်ထားတာ တွေ့ရပါတယ်။ အုတ်ရိုးအုတ်သားတွေကို အကောင်းပတိ တွေ့ရပါတယ်။ ဘုရားဟောင်းနဲ့ လက်ရှိစွယ်တော်တိုက်စေတီကြားမှာ ဘုရားရင်ပြင်အဖြစ်တွေ့ရပြီး ထင်းရှူးပင်အိုကြီးတွေရဲ့အောက်က ထိုင်ခုံလေးတွေမှာ အပန်းဖြေအနားယူကြသူတွေ၊ ပုတီးစိပ်သူတွေ တွေ့ရပါတယ်။ ဒီဘုရားနှစ်ဆူရဲ့ ပရိဝုဏ်အတွင်းမှာ လျှောင်းတော်မူဘုရား၊ မြန်မာနိုင်ငံကလှူဒါန်းထားတဲ့ ကျောက်စိမ်းဘုရားနဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တို့ကိုလည်း တွေ့ရပါတယ်။

### မြန်မာမီဒီယာအဖွဲ့

မြန်မာမီဒီယာအဖွဲ့အနေနဲ့ တရုတ်ပြည် စွယ်တော်အား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခဲ့ရပြီး သမိုင်းအချို့ကိုလည်း သိရှိခဲ့ရပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မီဒီယာအဖွဲ့မှာဆိုရင် MRTV၊ MITV၊ မြန်မာ့အလင်း၊ The Global New Light of Myanmar၊ One News၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း၊ စံတော်ချိန်၊ Eleven၊ Yangon Media Group၊ Vidya မှ မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့ဝင် ၁၀ ဦးဟာ တရုတ်နိုင်ငံ ပေကျင်း၊ ဟန်ကျိုး၊ ရှန်ဟိုင်း မြို့သုံးမြို့ကို သွားရောက်ခဲ့တဲ့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ ခရီးစဉ်မှာ အခုလို စွယ်တော်တိုက်စေတီကို ဖူးမြော်ခွင့်ရရှိခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစွယ်တော်မြတ်စေတီကို ဖူးရလိမ့်မယ်လို့ ထင်မထားခဲ့မိပါဘူး။ ထူးခြားတဲ့ ကုသိုလ်လို့ အောက်မေ့မိပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ကို ဖိတ်ခေါ်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ ကျွန်တော်တို့ကို တရုတ်နိုင်ငံကို သွားရောက်ခွင့်ပေးတဲ့ လူကြီးမင်းများ၊ အစစအရာရာ ဝိုင်းဝန်းကူညီကြသူများ အားလုံးကို ကျေးဇူးတင်လျက်ရှိပါတယ်။

ဗုဒ္ဓစွယ်တော်နဲ့ပတ်သက်လို့ သမိုင်းကြောင်းအရ သိရတာက တရုတ်ပြည် ပေကျင်းမြို့မှာရှိတဲ့ စွယ်တော်က အထက်လက်ဝဲစွယ်တော်ပါ။ အောက်လက်ဝဲစွယ်တော်က သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ စွယ်တော်တိုက်မှာ စံပယ်လျက်ရှိပါတယ်။ အထက်လက်ယာစွယ်တော်ကတော့ တာဝတိံသာနတ်ပြည် စူဠာမဏိစေတီမှာ ဌာပနာထားတယ်လို့ ဆိုပါတယ်။ လက်ယာအောက်စွယ်တော်ကတော့ နဂါးပြည်မှာ စေတီတည်ထား ဌာပနာထားရှိတယ်လို့ သိရပါတယ်။ ဒီလို လူပြည်လူ့ရွာ လူ့ဌာနေမှာ နှစ်ဆူတည်းသာရှိတော့တဲ့ စွယ်တော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အကြောင်းတရားတိုက်ဆိုင်သွားလို့သာ ဖူးခွင့်ရလိုက်တာဖြစ်ပါတယ်။

အခု တရုတ်ပြည်မှာရှိတဲ့ စွယ်တော်ရော၊ သီရိလင်္ကာနိုင်ငံမှာရှိတဲ့ စွယ်တော်ပါ မြန်မာနိုင်ငံသို့ သုံးကြိမ်သုံးခါစီ ကြွဖူးတယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ ဒီစွယ်တော်များကြွချီမှု အထိမ်းအမှတ်တစ်ခုအနေနဲ့ စွယ်တော်ပွားအဖြစ် စွယ်တော်မြတ်စေတီတစ်ဆူကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှာ တည်ထားကိုးကွယ်လျက်ရှိပါတယ်။ ဗုဒ္ဓစွယ်တော်မြတ်များကို ကိုယ်တိုင်မဖူးတွေ့ရသော်လည်း စွယ်တော်မြတ်စေတီအား သွားရောက်ဖူးမြော်ကြခြင်းဖြင့်လည်း ကုသိုလ်ထူးများ ရရှိနိုင်ကြမှာဖြစ်ပါတယ်။ ။

✽ **ပြိုကျသွားခဲ့တဲ့ စေတီတော်နေရာမှာ ယနေ့တိုင်ရှိနေတာကတော့ ဘုရားအောက်ခြေပိုင်းဖြစ်ပါတယ်။ အဲဒီအောက်ခြေပိုင်းနေရာကိုပဲ သံဆန်ခါနဲ့ ခတ်ထားတာ တွေ့ရပါတယ်။ အုတ်ရိုးအုတ်သားတွေကို အကောင်းပတိ တွေ့ရပါတယ်။ ဘုရားဟောင်းနဲ့ လက်ရှိစွယ်တော်တိုက်စေတီကြားမှာ ဘုရားရင်ပြင်အဖြစ်တွေ့ရပြီး ထင်းရှူးပင်အိုကြီးတွေရဲ့အောက်က ထိုင်ခုံလေးတွေမှာ အပန်းဖြေအနားယူကြသူတွေ၊ ပုတီးစိပ်သူတွေ တွေ့ရပါတယ်။ ဒီဘုရားနှစ်ဆူရဲ့ ပရိဝုဏ်အတွင်းမှာ လျှောင်းတော်မူဘုရား၊ မြန်မာနိုင်ငံက လှူဒါန်းထားတဲ့ ကျောက်စိမ်းဘုရားနဲ့ အမှတ်တရပစ္စည်းအရောင်းဆိုင်တို့ကိုလည်း တွေ့ရပါတယ်**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

အဆိုပါ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ**

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် - "ဆရာသည်သာ အနာဂတ်ရဲ့ပဲ့ကိုင်ရှင်"**

ပထမ - ဒေါ်မိုးမိုးခိုင်၊ ကထိက(သမိုင်းသင်ပြနည်းဌာန)၊ မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ - ဒေါ်မိုးမိုးသင်း (မိုးမိုးသင်း-ဧရာဝတီ)၊ နည်းပြ(ဒေသသင်ရိုးဘာသာရပ်သင်)၊ ဘားအံပညာရေးဒီဂရီကောလိပ်၊ ကရင်ပြည်နယ်

တတိယ - ဒေါ်နှင်းနုနုလှိုင် (ရှင်မင်းနု-တမူး)၊ လက်ထောက်ကထိက(ပညာရေးစိတ်ပညာ)၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် - "ဆရာသည်သာ အနာဂတ်ရဲ့ပဲ့ကိုင်ရှင်"**

ပထမ - ဦးညွန့်ဝင်း(ညွန့်ဝင်း-နတ်တလင်း)၊ ကျောင်းအုပ်ကြီး၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

ဒုတိယ - ဦးမြင့်ဦး(အရုဏ်ဦး-မြဝတီ)၊ မြို့နယ်ပညာရေးမှူး၊ မြဝတီမြို့နယ်ပညာရေးမှူးရုံး၊ ကရင်ပြည်နယ်

တတိယ - ဒေါ်နန်းအေးအေးမိုး(နန်းအေး-လွိုင်ကော်)၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)၊ ပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

**အခြေခံပညာ အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ဆရာသည်သာ အနာဂတ်ရဲ့ပဲ့ကိုင်ရှင်"**

ပထမ - ဒေါ်ဆောင်းသဇင်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ ချိကယ်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

ဒုတိယ - ဒေါ်လှိုင်းဇာလီသိမ့်(ပုသိမ်သူ)၊ အထက်တန်းပြ၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဦးကောင်းထက်(မောင်တိသာ-ရွှေတောင်)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သရက်တော၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

**အခြေခံပညာ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ဆရာသည်သာ အနာဂတ်ရဲ့ပဲ့ကိုင်ရှင်"**

ပထမ - ဒေါ်စိုးစန္ဒာလွင်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ - ဦးပြည့်ဖြိုးအောင်(သီဟဟံသာ)၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း (မြို့အနောက်-ခ)၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

တတိယ - ဦးအောင်မျိုးခန့်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး

**၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဆရာတို့၏ ဂုဏ်ရည်"**

ပထမ - မအေးအေးနွယ်၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ မြစ်ကြီးနား ပညာရေးဒီဂရီကောလိပ်၊ ကချင်ပြည်နယ်

ဒုတိယ - မောင်ဇင်ဖြိုးကျော်၊ ဒုတိယနှစ်၊ ပထမနှစ်ဝက်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - မပြည့်ဖြိုးဦး၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

*(ဆက်လက်ဖော်ပြပါမည်)*

## ဒက္ခိဏသီရိမြို့နယ်၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ

**လယ်ဝေး စက်တင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာတွင် ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သင်တန်းကျောင်း၌ သန်းခေါင်စာရင်း သင်တန်းတက်ရောက်နေသော သင်တန်းသားများက လက်တွေ့စမ်းသပ်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။ (ဓာတ်ပုံ)



အဆိုပါ လက်တွေ့စမ်းသပ်ကောက်ယူနေမှုကို ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦး၊ နေပြည်တော်တိုင်း ဦးစီးမှူး ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် ပြည်ထောင်စုနယ်မြေမှ ခရိုင်ဦးစီးမှူးများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများသည် ရွာမကျေးရွာအတွင်း သင်တန်းသား ၅၁ ဦးနှင့် ရပ်/ကျေးတာဝန်ရှိသူများက တစ်အိမ်တက်ဆင်း Tablet ဖြင့် သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက်ရွာမကျောင်းတိုက် ဆရာတော်အားနေ့ဆွမ်းဆက်ကပ်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar ArrThit Man Motor Co., Ltd.မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Bestune NAT အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး သရက်မြို့၌ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၄ ရက်က ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်နှင့်မြို့နယ်မှ မြို့မစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး သွေးလှူဒါန်းမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ဆရာဝန်ကြီးတို့က ကြည့်ရှုအားပေးစဉ်။ ခရိုင် (ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၂ယ/၅၅၉၀၆, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Rose KSN Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**


ယာဉ်အမှတ် 7M/9496, Hyundai Porter II P/U(4x2)L Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ထွန်း ၉/ကပတ(နိုင်) ၂၈၇၄၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**



**သွေးသည် အသက်**








# အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မင်္ဂလာဒုံ စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်က မင်္ဂလာဒုံ- ထောက်ကြံ့ သပြေညိုခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ အမှုဆောင် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော စီးပွားရေးလုပ်ငန်းများ အသင်းကြီး တိုးတက်ရာတိုးတက်ကြောင်းအတွက် အကြံကောင်း ဉာဏ်ကောင်းများ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ဌာနပေါင်းစုံနှင့်ဖွဲ့စည်းထားပြီး ကုန်ဈေးနှုန်းများမြင့်မားလာသည့်အခြေအနေများမှာ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်းကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်ရယူခြင်းများအပေါ် ပြန်လည်ဆွေးနွေး မေးမြန်းခြင်းနှင့် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသင်းသားအသင်းသူဦးရေ ၃၄၈၅၈ ဦးရှိပြီး အစုထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် ၁၈၆၇၄၄၄၇၅ ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၉ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၈၅ ကျပ် | ၂၆၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၅ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၅ ကျပ် | ၂၄၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



(၁၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ငဖဲမြို့ ကျောင်းတွင်းရပ်ကွက်ရှိ မိုးကုတ်ရိပ်သာကျောင်းဝင်းရှေ့နှင့် ပြည်သူ့ဆေးရုံတို့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်နှင့် စခန်းမှူး ဒုရဲမှူးဇော်ဝင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ သီဟစည်သူ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၉၉ | ၈၉၀၅၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၂၀၈၅ | ၆၄၅၁၀၀၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၄ | ၂၉၆၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၃၈ | ၅၇၄၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၉ | ၂၁၆၀၀ |
| EFR | ၂၂၀၀ | ၂၂၀၀ | ၂၆၃ | ၅၇၈၅၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၈၈ | ၁၄၁၁၁၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၄၁၇ | ၅၈၁၄၇၅၀ |

ညီညီ - စုစည်းသည်

## မြန်မာနိုင်ငံစာရင်းကောင်စီ
## လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)
## သင်တန်းအမှတ်စဉ် ၄၈
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၈ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)နှင့် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (ရုံးအမှတ် ၁၂၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်) တို့၌ ၂၀၂၄ ခုနှစ် မတ်လတွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း (တစ်နှစ်)၊ ဒုတိယပိုင်း (တစ်နှစ်) ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။ ထို့အပြင် ကိုယ်တိုင် လေ့လာသင်ယူ၍ ဆိုင်ရာစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင်ဆိုင်ရာ သင်တန်းသတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၅-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ နှင့် မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်မည့်သင်တန်းများ၏ စာမေးပွဲများကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းကို ၂၉-၉-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို https://www.oagmac.gov.mm/my/mac-announcement အောက်တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၄။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းသို့ တက်ရောက်ခွင့် လျှောက်ထားသူများအား သင်တန်းကျောင်း၏ လက်ခံနိုင်သည့်ပမာဏပေါ် အခြေခံ၍ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်-

(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် တက်ရောက်မည့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အစိုးရဌာနအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ
(ခ) တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများအနက် အဆင့်မြင့်အောင်မြင်သူများ
(ဂ) ဝင်ခွင့်စာမေးပွဲတွင် အဆင့်မြင့်အောင်မြင်သူများ

၅။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိလည်းကောင်း၊ စနေနေ့တွင် နံနက် ၇:၀၀ နာရီမှ ၁၁:၅၀ နာရီအထိလည်းကောင်း သင်တန်းတက်ရောက်ရမည်။

၆။ သင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) စီးပွားရေးတက္ကသိုလ်များက ကျင်းပခဲ့သည့် B.Com, B.Act, B.B.A ဘွဲ့စာမေးပွဲ အောင်မြင်သူများ သို့မဟုတ်
(ခ) သမဝါယမတက္ကသိုလ်များက ကျင်းပခဲ့သည့် B.BSc(Accounting and Finance) ဘွဲ့ စာမေးပွဲအောင်မြင်သူများ သို့မဟုတ်
(ဂ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ သို့မဟုတ်
(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူများ သို့မဟုတ်
(င) ဘွဲ့တစ်ခုခုရရှိပြီး CIMA Diploma in Management Accounting ရရှိပြီးသူများ

၇။ အသိအမှတ်ပြုဘွဲ့တစ်ခုခုရသူ နိုင်ငံသားများကို ဝင်ခွင့်စာမေးပွဲကျင်းပ၍ သင်တန်းသားအဖြစ် ရွေးချယ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲကို ၅-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပပါမည်။ စာမေးပွဲကျင်းပမည့်နေရာကို အပိုဒ် ၁၂ ပါ ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြထားပါမည်။

၉။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting, Cost & Management Accounting နှင့် Auditing ဘာသာရပ်များပါဝင်သည့် ၂ နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။

၁၀။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၅-၉-၂၀၂၃ ရက်နေ့မှ ၁၃-၁၀-၂၀၂၃ ရက်နေ့အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁,၀၀၀ ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) စာမေးပွဲကြေး ကျပ် ၁၀,၀၀၀ ပေးသွင်းထားသည့်ငွေရပြေစာ (ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်သူများ)
(ခ) ဘွဲ့လက်မှတ် (သို့မဟုတ်) ဘွဲ့ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
(ဂ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲအောင်လက်မှတ် (မူရင်းနှင့် မိတ္တူ)
(ဃ) အထက်အပိုဒ် ၆(ဃ)နှင့် (င)ပါ ပုဂ္ဂိုလ်များအတွက် ဆိုင်ရာပညာအရည်အချင်းအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) (၁၈ နှစ်ပြည့်လဲလှယ်ပြီး)
(စ) တစ်လအတွင်းရိုက်ထားသည့် ၁" x ၁" အရွယ် ဓာတ်ပုံ ၃ ပုံ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (ကောင်စီက ဖွင့်လှစ်သည့်သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသာ)

၁၁။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ (အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါဖော်ပြချက်များနှင့် ကိုက်ညီရမည်။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို **မပျက်မကွက်**တင်ပြရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၃၁-၁၀-၂၀၂၃ရက်တွင် https://www.oagmac. gov.mm/my/mac-announcement တွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၁-၁၁-၂၀၂၃ ရက်မှ ၃-၁၁-၂၀၂၃ ရက်အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း အပိုဒ်(၁၀)ပါလိပ်စာတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုမည့်နေ့တွင် (လုံး၀) ထုတ်ပေးမည်မဟုတ်ပါ။

၁၃။ တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းများကို ၁၂-၁-၂၀၂၄ ရက်နေ့မတိုင်မီ အပိုဒ်(၁၂)ပါ Website Link တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းအမှတ် ၀၁-၈၂၂၇၂၄၆၊ ၀၉-၇၉၆၉၇၉၉၂၈ ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော်အနီး
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဒီပလိုမာ(၁)နှစ် သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများခေါ်ယူခြင်း

၁။ **အရည်အချင်းသတ်မှတ်ချက်**
(က) ပြည်တွင်းရဟန်းတော်များသည် ဓမ္မာစရိယတန်း အောင်မြင်ပြီးဖြစ်ရမည်။
(ခ) ပြည်တွင်းသာသနဝန်ဆောင် သီလရှင်များသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည် (သို့မဟုတ်) ဓမ္မာစရိယတန်း အောင်မြင်ပြီးဖြစ်ရမည်။
(ဂ) ပြည်တွင်းလူပုဂ္ဂိုလ်များ(ကျား/မ)သည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။
(ဃ) ပြည်ပလျှောက်လွှာရှင်များသည် သက်ဆိုင်ရာ အစိုးရပညာရေးဌာနကကျင်းပသော တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်သူဖြစ်ရမည်။
(င) အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော၊ အကြားကျွမ်းကျင်ရမည်။
(စ) အသက် (၁၈)နှစ် မှ (၄၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ပါရှိရမည်။
(ဇ) ပညာအရည်အချင်း အောင်လက်မှတ်မူရင်းများကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၂။ **ဝင်ခွင့်စာမေးပွဲ**
(က) ဝင်ခွင့်လျှောက်လွှာပိတ်ရက် - ၁၆-၁၂-၂၀၂၃
(ခ) ဝင်ခွင့်စာမေးပွဲ ရေးဖြေ ကျင်းပမည့်ရက် - ၉-၁-၂၀၂၄
(ဂ) ဝင်ခွင့်စာမေးပွဲ နှုတ်ဖြေ ကျင်းပမည့်ရက် - ၁၀-၁-၂၀၂၄
(ဃ) ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ နှုတ်ဖြေ)
(၁) အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည့် မေးခွန်းလွှာများ
(ကက) တက္ကသိုလ်ဝင်ခွင့်အဆင့်ရှိ အင်္ဂလိပ်ဘာသာ မေးခွန်းလွှာ
(ခခ) အခြေခံဗုဒ္ဓဘာသာ ဗဟုသုတမေးခွန်းလွှာ
(၂) အင်္ဂလိပ်ဘာသာဖြင့် လူတွေ့ဖြေဆိုခြင်း

၃။ **သတင်းအချက်အလက်**
(က) ၂၀၂၄ ခုနှစ်၊ ဇွန်လ ပထမပတ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် စတင်ဖွင့်လှစ်ပါမည်။
(ခ) ပညာဆည်းပူးနေစဉ် ကာလတစ်လျှောက် ပြည်တွင်းသင်တန်းသားရဟန်းတော်များ၊ ပြည်ပသင်တန်းသားများ၏ ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို တက္ကသိုလ်က တာဝန်ယူပေးမည်။
(ဂ) ပြည်တွင်းသင်တန်းသားသီလရှင်များ၏ နေထိုင်ရေးအတွက် တက္ကသိုလ်တွင် အဆောင်နေရာလစ်လပ်ပါက စီစဉ်ပေးမည်။
(ဃ) လက်ရှိဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အခြေအနေအရ သင်တန်းများ၏ ပညာသင်ကြားမှု စဉ်ဆက်မပြတ်စေရေးအတွက် သက်ဆိုင်ရာ ပညာသင်နှစ်အတွင်း လိုအပ်ပါက Online Classroom Teaching System ဖြင့် သင်ကြားရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(င) အသေးစိတ်အချက်အလက်များကို ITBMU Website: www.itbmu.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မော်ကွန်းထိန်း**
**(၀၁-၆၅၀၇၁၂)**
**Email: itbmu.registrar@gmail.com**

## Ministry of Religious Affairs and Culture
## The International Theravāda Buddhist Missionary University,
## Dhammapala Hill, Mayangone Township, Yangon, Myanmar
## 2024–2025 Academic Year
## Application for One Year Diploma Course

1. Eligibility
(A) For local
(i) The applicants who are Buddhist monks must have passed Dhammacariya Examination.
(ii) The applicants who are nuns, lay persons (male/female) must have their first degree from any University.
(B) Foreign applicants (monks, nuns, male, female) must have passed at least the matriculation examination or equivalent level.
(C) The applicants must be proficient in English (writing, reading and speaking).
(D) Both local and foreign applicants must forward their original degree certificates when they submit their application forms.
(E) The applicants must not be younger than the age of 18 and older than 45.
(F) The applicant must be fit physically and mentally.
2. Entrance Examination (writing/ personal interview)
(A) Two Question papers in English
(i) Matriculation level English proficiency
(ii) General knowledge related to Buddhism
(B) Personal Interview in English
3. Closing date for submitting application form 16–12–2023
4. Writing Entrance Test 9–1–2024
5. Personal Interview 10–1–2024
6. Academic Year will be commenced first week of June, 2024.
7. Accommodation will be provided freely by the University to all selected local monks and foreign students while studying at the University.
8. Selected local nuns will be provided to the hostel if the rooms are available.
9. Due to the recent COVID–19 pandemic, the lectures will be managed to conduct via Online Classroom Teaching System in a academic year not to disrupt the career if needed.
10. For further information visit our website www.itbmu.org.mm

**Registrar**
**(01–650712)**
**Email: itbmu.registrar@gmail.com**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ် - Bago River Package 1&3/2023-2024

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြစ်ကူး တံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် သံထည်ပစ္စည်းများ(Lot(၃)မျိုး)အား ရန်ကုန်မြို့ရှိ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) သာကေတဘက်ကမ်းသို့ လျှောက်ဝင်းအရောက်မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၇-၉-၂၀၂၃)ရက်မှ (၆-၁၀-၂၀၂၃)ရက်အထိ (ရုံးချိန်အတွင်း)
၃။ **သံထည်ပစ္စည်းများနမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** - (၁၀-၁၀-၂၀၂၃)ရက်၊ (၁၆:၀၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်အား အကြောင်းကြားပါမည်။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-
၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ် (၁၁)၊ နေပြည်တော်**
**ဖုန်း-၀၉-၉၅၁၆၀၀၆၈၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ် - 2T(C/RB)/PROCUREMENT/ REINFORCED STEEL BAR/2023-2024

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သံချောင်းလုံးအရွယ်စုံ HRB-500 (Deformed Bar)ကို ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၇-၉-၂၀၂၃)ရက် မှ (၆-၁၀-၂၀၂၃)ရက်အထိ ရုံးချိန်အတွင်း
၃။ **သံချောင်းလုံးနမူနာ စမ်းသပ်ထားသော Lab Report နောက်ဆုံးတင်ပြရမည့်ရက်** - ၁၃-၁၀-၂၀၂၃ရက် ၊ ၁၆:၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - (တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။)
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-
၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ် (၁၁) နေပြည်တော်**
**ဖုန်း-၀၉-၉၅၁၆၀၀၆၈၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၉၄)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမြင့်သိန်း ၉/မခန(နိုင်)၀၅၉၅၅၄ နှင့် ဒေါ်မြင့်မြင့်စန်း ၉/ မခန(နိုင်)၀၅၉၄၉၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၈)၊ မြေကွက်အမှတ်(78)၊ မြေဧရိယာ ၀ဒသမ ၀၄၆ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးတင်ရွှေ၉/မမန(နိုင်)၀၃၅၈၈၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ဆိပ်ကလေးကျေးရွာ၊ အထက(ခွဲ) ဆိပ်ကလေးကျောင်း Grade-4မှ မောင်ဟိန်းလင်းသူ၏ မိခင်အမည်မှန်မှာ ဒေါ်ခတ်သီရိဖူးဝေ ၇/ရကန(နိုင်)၀၈၈၆၄၀ ဖြစ်ပါကြောင်း။

**ဒေါ်ခတ်သီရိဖူးဝေ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကျင့်သွင်းစိန်(ဘ)ဦးထောင်းခန့်မန် ၄/တတန(နိုင်) ၀၆၀၃၈၁ ၏ ပတ်စ်ပို့ M 977488 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၈၉၂၆၆၂၈၄**

## ပတ်စ်ပို့ပျောက်

မင်းဘူး(စကု)မြို့နယ်၊ ရေမျက်ကျေးရွာနေ(ဘ) ဦးဝင်းမြင့်၏သား ကျွန်တော်မောင်မျိုးကျော်သူ ၇/နတလ(နိုင်) ၁၄၄၀၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-170522 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၁၆၀၈၂၄**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ဟောင်လိတ်(အထက) Grade-12မှ နန်းဖွဲလင်း( ကျောင်းဝင်အမှတ် ၆၆၉/၂၀) ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကျောင်းရဲန် ၁၃/တခလ(နိုင်) ၀၆၃၂၁၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အထက(၂)Grade-12မှ မမေဇင်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းသိန်းအေး ၁၀/သထန(နိုင်)၂၆၇၃၈၉ အမှန်ဖြစ်ပါကြောင်း။ **ဒေါ်သိန်းသိန်းအေး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂/ရေချမ်းအိုး)၊ ကွင်း/အကွက်အမှတ်(၆၈၁/ ဂ၊ ရေချမ်းအိုးအရှေ့)၊ ဦးပိုင်အမှတ်(၃၂၁/၁)၊ မြေဧရိယာ (၀ ဒသမ ၄၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမနမ်နော်ဂျာ ၁/ဗမန(နိုင်)၀၆၉၃၂၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လို သူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ် ချုပ် ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၃/ပဒေသာ)၊ဦးပိုင် အမှတ်(၁၂)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်နွဲ့နွဲ့အေး ၁၀/သထန(နိုင်) ၀၁၉၆၉၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## အခွန်အယူခံခုံအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
### ၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
### ( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး / လစာနှုန်း ကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | (၂) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၃) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| ( ဂ ) | စာရင်းကိုင်-၄ (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၁) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြု နိုင်သူ ဖြစ်ရမည်။ |
| (ဃ) | သန့်ရှင်းရေးအကူ (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | (၂) နေရာ | မြန်မာစာ ရေး/ဖတ်တတ်ရမည်။ |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( ဂ ) အမှတ်စဉ် (က) မှ (ဂ) အထိ ရာထူးနေရာများအတွက် ကွန်ပျူတာဘွဲ့၊ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့နှင့် အင်္ဂလိပ်စာဘွဲ့ ရရှိသူများကို ဦးစားပေး ခန့်ထားမည်။ (၃၀-၉-၂၀၂၃) ရက်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်သူဖြစ်ပြီး၊ ရွေးချယ် ခန့်ထားခြင်းခံရပါက ဌာနတွင်း ဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရပါမည်။

(ဃ) အမှတ်စဉ် (ဃ) လျှောက်ထားသူသည် (၃၀-၉-၂၀၂၃) ရက်နေ့တွင် အသက် (၁၈)နှစ် ပြည့်ပြီး အသက်(၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( င ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

( စ ) ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဆ) လာရောက်လျှောက်ထားသူများသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ မဖြစ်စေရ။ (ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်)ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)

၃။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို Myanmar National Portal အခွန်အယူခံ ခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တို့တွင် Download ရယူပြီး လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော်သို့ လိပ်မူ၍ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် (၂၆ - ၁၀ -၂၀၂၃) ရက်နေ့တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အမှတ်စဉ် (က) မှ (ဂ) အထိ ရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည် ဖြစ်ပြီး၊ ရေးဖြေ အောင်မြင်သူများကို လူတွေ့နှင့် ကွန်ပျူတာ စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အမှတ်စဉ်(ဃ) ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို Myanmar National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page နှင့် ရုံးအမှတ်(၅၇) ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ဝန်ထမ်းရေးရာနှင့် သင်တန်း ဌာနခွဲဖုန်း ၀၆၇၃-၄၃၀၀၄၅၊ ၀၆၇၃-၄၃၀၀၄၆ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/6356 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၉/မမန(နိုင်)၀၇၇၂၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ဃ/၂၄၉၉၇၊ Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ 34 Shwe Mandalar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ ၁၃၂ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်း(၅၄)မိုင်အတွက် တာဝါတိုင်များ သယ်ယူပို့ဆောင်ရန် တင်ဒါအမှတ် - ၀၈/သယ်ပို့/(တင်ဒါ-ဓပစ)၂၀၂၃-၂၀၂၄(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန ၊ ပစ္စည်းစီမံရေး ဌာန၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉-၁၀-၂၀၂၃)ရက် (၁၂ : ၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov. mm) တွင်လည်း ကြေညာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ရုံးအမှတ်(၂၇) ၊နေပြည်တော်**
ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5670 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1326 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ တောင်ရှည်ရွာနေ (ဘ)ဦးတန်ကျင်၏သမီး ဒေါ်သီသီဦး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ၃-၉-၁၉၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုလောမြို့၊ အထက(၂) Grade-10မှ မပြည့်ပြည့်စိုး၏ ဖခင် ဦးစိုးသန့်၏ အမည်မှန်မှာ ဦးမျိုးသန့် (ကွယ်လွန်) ၆/ပလန(နိုင်) ၀၃၆၅၂၃ဖြစ်ပါကြောင်း။

**ဦးမျိုးသန့်**

## အမည်ပြောင်း

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4(C)မှ ဦးနေမင်းစိုး၏သား မောင်သော်သုတစိုးအား ယနေ့မှစ၍ မောင်ဟိန်းယသော်ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းယသော်ခန့်**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ဈေးဟောင်းလမ်း၊ ဈေးတန်းရပ်ကွက်နေ ဦးအုန်းခင်၏ သမီး မလေးနွယ် ၆/မအရ(နိုင်)၀၃၆၆၅၃၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၁၅-၄-၁၉၆၅ ဖြစ်ပါကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကွက်သစ်ရပ်ကွက်၊ ရေကာတာတံတိုင်းလမ်း၊ အိမ်နံပါတ်(၈)နေ ဦးဝင်းမျိုး၏သား မောင်နေစင် ၆/မမန(နိုင်)၂၁၅၀၇၀သည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစရန်ကြေညာအပ်ပါသည်။

**ဦးဝင်းမျိုး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် (၂၈/သုမင်္ဂလာ)၊ ဦးပိုင်အမှတ်(၆၅)၊ မြေကွက်အမှတ်(115)၊ မြေဧရိယာ(၀ဒသမ၁၃၂)ကေရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးစိုင်းအေးမောင် ၉/မမန(ဧည့်)၀၀၀၂၈၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၈၊ဦးပိုင် အမှတ်(၁၀-ဃ)၊ ၂၄လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းခမ်းအေးထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် ၃၀၂၈/၂၀၁၂ဖြင့် ဝယ်ယူခဲ့သူ မောင်ချမ်း/၁၃/ နခန(နိုင်) ၀၃၈၀၇၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၀၁/၂၀၂၃ ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းဝင်းမာ ၉/ မနတ(နိုင်)၀၈၆၂၆၃ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်းကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၅)၊တိုးချဲ့(၂)ရပ်ကွက်၊ (ဦးတင်ဦး)၊ ဒေါ်ခိုင်ခိုင်စိုး ၇/ညလပ(နိုင်)၀၉၁၅၁၉ တို့၏သား မောင်စိုးညွန့် ၇/ညလပ(နိုင်)၂၁၂၇၇၂ သည် မိခင်အား အကြိမ်ကြိမ် စိတ်ဒုက္ခ အမျိုးမျိုးပေးပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် အကြောင်းအရာများ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးပါသည်။

**မိဘများ- (ဦးတင်ဦး)-ဒေါ်ခိုင်ခိုင်စိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက(ဆင်ပေါင်ဝဲ) Grade-10မှ မောင်ဖြိုးသီဟ မောင်နှင့် အမှတ်(၁) အမက(မူလွန်)KG တန်းမှ မောင်လင်းဇေယျာမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၈/ဆပဝ(နိုင်)၀၈၀၃၅၀ ဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၅)၊ ကွင်းအမှတ်နှင့် အမည် ၁၈/ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ် ၅၃၊ မြေဧရိယာ ၀ဒသမ၂၃၃ ကေ အနက်မှ ခွဲစိတ်၍ အရှေ့ ၃၅ပေ၊ အနောက် ၄၈ပေ၊ တောင် ၇၀ပေ၊ မြောက် ၇၀ပေ အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြိုင်သီရိဝင်း ၉/ပဥလ(နိုင်)၀၈၃၈၃၆ နှင့် ဦးအောင်ကိုကိုဝင်း ၉/ပဥလ(နိုင်)၀၈၃၈၃၇ တို့မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုကမ်းလှမ်းလာသောကြောင့် ကျွန်တော် ဦးအောင်သူရိန်ဝင်း ၉/ပဥလ(နိုင်) ၀၆၄၆၄၆ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူရိန်ဝင်း**
**၉/ပဥလ(နိုင်)၀၆၄၆၄၆**
ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၆၁၀၀၆၆

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (မဲ ဇလီ ဦးတို)G-12မှ မောင်ထွန်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ဆန်းဝင်း ၁၄/ မမက(နိုင်)၁၄၄၀၆၁ ဖြစ်ပါကြောင်း။

**ဦးချစ်ဆန်းဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ ကမြောကင်းလမ်း၊ အမှတ် ၄၁၉ နေ ဦးစိုးသက်အောင်နှင့် ဦးစိုးထက်အောင် ၆/ထဝန(နိုင်) ၁၁၇၇၇၆ တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၁၅၈၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်(အရပ်ခေါ်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၈)ရပ် ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၁၅၈ ဟုခေါ်တွင်သော မြေကွက်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အမည်ပေါက် ဦးသာဒင် (DS-000130) ၉/မကန(နိုင်)၀၀၂၉၈၄၏ ဇနီးဖြစ်သူ ဒေါ်လှလှထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ သည်ဟု အဆိုရှိသူ ဒေါ်ခင်ဇာလွင် ၁၂/ဥကတ(နိုင်) ၁၅၇၄၆၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဟန်ဇော်လင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၆၁)(၂၄-၁၀-၂၀၁၇)**
**အမှတ်(၈၃/၁၃)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၉၄၈၉၉၂၀**

## အမည်ပြောင်း

ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်၊ မတ္တရာကျောင်းလမ်းနေ ဦးမျိုးအေး-ဒေါ်လှဲ့လှဲ့ဝင်း တို့၏သမီးဖြစ်သူ အမက(ကရပ် ပြင်တောင်)၊ ထားဝယ်မြို့၊ ဒုတိယတန်းမှ မဆုနန္ဒာသွယ်အား မဆုနန္ဒဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုနန္ဒာဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5708 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ပစ္စည်းအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Mobile Medical Unit | (၁)စီး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂-၁၀-၂၀၂၃ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

၄။ တင်ဒါSpecification နှင့် ဈေးနှုန်းလွှာ တင်သွင်းရမည့်နေ့ရက် - ၁၆-၁၀-၂၀၂၃ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၊ ဦးပိုင်အမှတ် ၃၁-ခ/ ၁၉x၂၀ လမ်းကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာခင်ဆွေမြင့် ၅/ရဘန(နိုင်)၀၀၉၇၅၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်အမှတ်(၇၈)၊ လမ်း ၆၀ B လမ်းနှင့် ၆၁လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဒေါ်ခင်မြတ်မြတ်အမည်ပေါက် တောဂရန်အား၊ ဒေါ်ခင်မြတ်မြတ်(ခ)ဒေါ်လှတင့် ၉/မနတ(နိုင်)၀၁၄၅၉၈၊ MYG-၀၀၃၅၉၇၏(SP ရသူ ဦးအောင်မြင့်ထွန်း) က အမည်ပေါက်သူ ဒေါ်ခင်မြတ်မြတ်၏ မှတ်ပုံတင်၊အိမ်ထောင်စုဇယားမူရင်းတို့တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍ မရကြောင်း တင်ပြစာ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၀၁၃/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မ တီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၈)၊ ဦးပိုင်အမှတ်(၃၄-က+၃၅-က)၊ ၃၆ လမ်းမျက်နှာပြု ၅၇ x ၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိန်ဝင်း ၅/ရဥန(နိုင်) ၀၄၈၃၆၅၊ ဒေါ်ယဉ်ယဉ်လှိုင် ၁/မကတ(နိုင်) ၀၃၀၃၂၁တို့က အမှုတွဲအမှတ် ၄၄၇၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၄)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၆x၆၇လမ်းကြား၊ မင်္ဂလာလမ်းနှင့် စံပြလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်စိုးကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၂၇၂၆/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့် ၉/မနတ(နိုင်)၀၂၅၅၇၄၏GPရသူ ဦးအောင်မြင့်ထွန်းက အမည်ပြောင်းမည့်သူ ဒေါ်စန်းစန်းမြင့်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမူရင်းတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊တောဂရန်စာချုပ်နှင့် အတူ အမှုတွဲ အမှတ် ၀၉၃၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/ သက်တမ်းတိုး/ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှမြေရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဒေါ်နွယ်နွယ်စိုး ၉/ပမန(နိုင်) ၁၄၂၈၄၆ (ဘ) ဦးရဲနိုင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၁၆၈ဘီ)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၁၃/၂၀၂၃ (၂၅-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးဥာဏ်လင်းထွန်း ၁၂/ဗတထ(နိုင်)၀၃၈၆၂ (ဘ)ဦးမျိုးခိုင် မှ ဒေါ်ခိုင်သဇင်ဟန် ၇/ညလပ(နိုင်) ၁၂၈၃၀၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ပေး ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

